ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ စနေနေ့၊ (25-3-2006) (၄၉၁၀)

# အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်



သမိုင်းဦးကာလကစပြီး လွတ်လပ်တဲ့ လူမျိုးတိုင်း၊ နိုင်ငံတိုင်းဟာ တပ်မတော်တစ်ရပ်ကို မရှိမဖြစ်ထူထောင်ကြရတယ်။ ဒါ့ပြင် တပ်မတော်ကို အင်အားတောင့်တင်းဖို့၊ စွမ်းရည်ထက်မြက်ဖို့နဲ့ ခေတ်မီဖို့အတွက် အချိန်နဲ့အမျှ ဆောင်ရွက်ကြရတယ်။ ဒါ့ကြောင့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ရေးဟာ ဒို့ရဲ့ရည်မှန်းချက်ဖြစ်တယ်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း
အမှတ်စဉ်(၄၈)သင်တန်းဆင်းပွဲ မိန့်ခွန်းမှ–

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ပြဋ္ဌာန်း

ရန်ကုန် မတ် ၂၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် (၂/၂၀၀၆)ဖြင့် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၁၃၆၇ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၆ ခုနှစ် မတ် ၂၄ရက် ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ပြဋ္ဌာန်းလိုက်သည်။**

အဆိုပါ ဥပဒေအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**
**ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်–၂/၂၀၀၆)**
၁၃၆၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၀၆ ခုနှစ် မတ်လ ၂၄ ရက်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်–**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✡

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ပြဋ္ဌာန်း

ရန်ကုန် မတ် ၂၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ်(၃/၂၀၀၆)ဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၁၃၆၇ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၆ ခုနှစ် မတ် ၂၄ ရက် ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ပြဋ္ဌာန်းလိုက်သည်–**

အဆိုပါဥပဒေအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**
**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်–၃/၂၀၀၆)**
၁၃၆၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၀၆ ခုနှစ် မတ်လ ၂၄ ရက်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်–**

၁။ ဤဥပဒေကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့** ☆

## လက်ခံတွေ့ဆုံ

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Dato' Seri Hamid Albar အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



ရန်ကုန် မတ် ၂၄

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Dato' Seri Syed Hamid Albar ဦးဆောင်သည့် မလေးရှား ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့် မလေးရှား ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာမိုဟာမက်ဆွမ်လည်း တက်ရောက်သည်။

(သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

(25-3)01.P65 1 1/1/32, 5:15 PM

ကြေးမုံ
The Mirror

၂၅-၃-၂၀၀၆
(စနေနေ့)

## စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးကြိုးပမ်း လယ်ယာသုံးစက်ကိရိယာများ တိုးမြှင့်ထုတ်လုပ်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့် နိုင်ငံဖြစ်သည်နှင့်အညီ အမျိုးသားစီးပွားရေးခိုင်မာ တောင့်တင်းစေရန်အတွက် လယ်ယာကဏ္ဍကို အခြေပြုကြိုးပမ်းလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်က ရေမြေသဘာဝသယံဇာတ အခြေအနေကောင်းများကို အပြည့်အဝအသုံးချပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဖန်တီးပေးလျက်ရှိသကဲ့သို့ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးလာစေရန်အတွက်လည်း အစီအမံများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း သွင်းကုန်အစားထိုးစက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်လျက်ရှိသည့်နည်းတူ စက်မှုဇုန်များရှိ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ၌ အဆင့်မြင့်နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာစေရန် အားပေးပျိုးထောင်လျက်ရှိသည်။

အလားတူ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာကဏ္ဍအထောက်အကူပြုသည့် စက်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများကို အခြေခံသည့်စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်သော စက်မှုလုပ်ငန်းများ၊ လက်တွန်းထွန်စက်နှင့် လယ်ယာသုံး စက်ကိရိယာပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများကို ထူထောင်အားပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါလျက် မန္တလေးတိုင်းသို့သွားရောက်သည့် ခရီးစဉ်အတွင်း မတ်လ ၂၁ ရက်နေ့က မန္တလေးတိုင်း သမဝါယမအသင်းစု နို့ချက်စက်ရုံ၊ မန္တလေးစက်မှုဇုန်(၂)ရှိ စက်မှုလက်မှုလုပ်ငန်းများနှင့် ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာအနီးရှိ စက်မှုလယ်ယာ ဦးစီးဌာန၏ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးနှင့် စပ်လျဉ်း၍ မှာကြားခဲ့သည်။

မန္တလေးတိုင်း သမဝါယမအသင်းစု၏ နို့ချက်စက်ရုံတွင် နိုင်ငံတကာအရည်အသွေးမီ စက်ကိရိယာများ တပ်ဆင်ထားပြီး အရည်အသွေးကောင်း နို့ဆီ၊ နို့စိမ်းနှင့် ကလေးအာဟာရမှုန့်များ ထုတ်လုပ်လျက်ရှိသည်။

မန္တလေး စက်မှုဇုန်(၂)တွင် အဆင့်မြင့်စက်ကိရိယာများကို သုံးစွဲ၍ သံရည်ကျိုစက်ခုတ်စား ပုံလောင်းပုံဖိလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစက်မှုလုပ်ငန်းများမှ လယ်ယာသုံးစက်ပစ္စည်းများ၊ မော်တော်ယာဉ်သုံးစက်ပစ္စည်းများ အပါအဝင် စက်ပစ္စည်း ၆၃ မျိုးကို ထုတ်လုပ်လျက်ရှိရာ လုပ်ငန်းများအောင်မြင်တိုးတက်လျက်ရှိသည်။

တောင်သူလယ်သမားများ၏ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် လိုအပ်သည့်လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံများကို မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်းကုန်းနှင့် ရန်ကုန်တိုင်း ရွာသာကြီးတို့တွင် ထူထောင်ထားရှိသည်။ စက်ရုံများရှိ အလုပ်ရုံများတွင် သံရည်ကျို သွန်းလောင်းသည့် လုပ်ငန်းများကို အဆင့်မြှင့်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ (အင်းကုန်း)မှ လယ်ယာ (၁၆) လက်တွန်းထွန်စက်များ၊ စပါးရိတ်သိမ်းခြွေလှေ့စက်များနှင့် လယ်ယာလုပ်ငန်းသုံးစက်ပစ္စည်းအစိတ်အပိုင်းများကို ထုတ်လုပ်လျက်ရှိသည်။ အဆိုပါစက်ရုံမှ တစ်နှစ်လျှင် လယ်ယာ(၁၆) လက်တွန်းထွန်စက်အစီး တစ်သောင်းနှင့် စပါးရိတ်စက် အစီးငါးထောင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ထို့အပြင် စပါးရိတ်သိမ်းခြွေလှေ့စက်အစီး သုံးထောင်ထုတ်လုပ်သွားနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံများအနေဖြင့် နိုင်ငံတော်စီးပွားရေးတွင် အဓိကအားထားရသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းများ အထောက်အကူပြု လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို ယခုထက် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## (၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

## တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လွိုင်ကော်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် မတ် ၂၄

**ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်အတူ မတ် ၂၀ရက်တွင် လွိုင်ကော်မြို့နယ် နီးကိုးကျေးရွာအုပ်စု ဗုဒ္ဓမ္မရက္ခိတကျောင်းတိုက်သို့ ရောက်ရှိကြပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ တည်ဆောက်ဆဲ ဘုန်းတော်ကြီးကျောင်းကို ကြည့်ရှုစစ်ဆေးကြသည်။**

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် နီးကိုးကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်းခန်းမ၌ ကျေးရွာလူထုနှင့်တွေ့ဆုံကြရာ ဒေသခံရပ်မိရပ်ဖတစ်ဦးက ကျေးရွာ၏ လိုအပ်ချက်များကို တင်ပြပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ယင်းနောက် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒီမော့ဆိုမြို့နယ် ထေးထူဖျ ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲကို တိုင်းမှူးနှင့် ဗဟိုအလုပ် အမှုဆောင်တို့ တက်ရောက်အားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် လွိုင်ကော်မြို့ အစိုးရ နည်းပညာကောလိပ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တာဝန်ယူတည်ဆောက်နေသော ထူးထရိတ်ဒင်း တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဗဟို အလုပ်အမှုဆောင်တို့က လိုအပ်သည်များကို မှာကြားကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် လွိုင်ကော်တက္ကသိုလ်သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ဦးစိန်ဦးနှင့် ဆရာ ဆရာမများက လိုက်လံရှင်းလင်းပြသကြပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် လွိုင်ကော်မြို့ရှိ ပြည်နယ် ဘိုးဘွားရိပ်သာသို့ ရောက်ရှိကြပြီး လွိုင်ကော်မြို့ရှိ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ပြည်နယ်တိုးတက်ဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

### (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

**တပ်မတော်စစ်သမိုင်းပြတိုက်**

**(ရွှေတိဂုံဘုရားလမ်း)**

**(၂၆-၃-၂၀၀၆ မှ ၄-၄-၂၀၀၆)**

**(မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်။)**

## ရွှေနိုင်ငံဂျာနယ် အတွဲ (၄)၊ အမှတ်(၂၂) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် မတ် ၂၄**

ရွှေနိုင်ငံဂျာနယ်အတွဲ(၄)၊အမှတ်(၂၂)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**



အဆိုပါဂျာနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲတွင် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံ၊ တက္ကသိုလ်မြတ်သူ၊ ချစ်နိုင်(စိတ်ပညာ)၊ စန်းနီလာဝင်း၊ ကိုလေးငယ်၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ ကြည်လင်း(ဆေး)၊ ညွန့်ဟံ(ကြူတော)၊ လှထွန်း(တွံတေး)၊ ခင်မောင်တင့်(ဝဲလောင်)၊ မောင်ကွန်ပျူတာ၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)တို့၏ မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ အေးခင်ခင်လှိုင်(စက်မှုကြွေ၊မြေ)၊ ဒေါက်တာစိုးသိမ်း(တိ/ကုဆရာဝန်)တို့၏ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်/မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေး ဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ (သတင်းစဉ်)

### အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်း အထက(၁) ဒဂုံတွင် ၁၉၇၅ခုနှစ်မှ ၂၀၀၅ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ မတ် ၂၆ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်။

အာစရိယပူဇော်ပွဲသို့ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြရန်နှင့် အလှူငွေများကို သီရိမာ ဖုန်း-၀၉၅၀၂၁၂၄၁၊ မိုးမိုးခမ်း ဖုန်း-၀၉၅၀၀၁၉၁၁၊ ရဲမျိုးသွင် ဖုန်း-၀၉၅၁၂၂၁၆၈၊ စိုးသိန်းထွဋ် ဖုန်း-၀၉၂၀၄၄၀၃၅၊ ကေခိုင်လင်း ဖုန်း-၀၉၅၁၂၇၂၁၅၊ ချိုလေးလွင် တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

# "လူ့အခွင့်အရေး" သကြားအုပ်ထားသော အမေရိကန်အဆိပ်ဆေး (၆)

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်ပတ်လည် လူ့အခွင့်အရေး မှတ်တမ်းခေါ် နိုင်ငံ ၁၉၀ ကျော် ၂၀၀ နီးပါးအပေါ် နှစ်စဉ်စွပ်စွဲ ထိုးနှက်နေသော စာတမ်းကို အစွပ်စွဲခံနိုင်ငံများကသာ တုံ့ပြန်ဝေဖန် ပယ်ချနေကြသည်မဟုတ်ပေ။ အမေရိကန်လူမျိုးများ၊ အဖွဲ့အစည်းများနှင့် ကမ္ဘာ့နိုင်ငံစုံမှ ပုဂ္ဂိုလ်တစ်ဦးချင်းကလည်း ဝေဖန်ကြသည်။ အမေရိကန် အစိုးရ၏ ထိုမမှန်မကန် စွပ်စွဲချက်များကို နားကလော လာကြပုံရသည်။ ထို့ကြောင့် ထိုအစီရင်ခံစာသည် နိုင်ငံတကာမျက်နှာစာ၌ အမေရိကန်၏ စည်းရုံးရေးနှင့် နိုင်ငံရေးသိက္ခာကို ဖောက်ထိုးကျဆင်း စေလျက်ရှိသည်။ အမေရိကန်သည် ၎င်းတို့မလိုလားသော နိုင်ငံများကို ထိုလူ့အခွင့်အရေး ချိုးဖောက်မှုစွပ်စွဲချက်များဖြင့် နိုင်ငံအများက ဝိုင်းပယ်စေရန်၊ အထီးကျန် ဖြစ်စေရန်အတွက် မလုပ်သင့် မလုပ်ထိုက်သောလုပ်ရပ်အမှားကို လုပ်နေ ခြင်းဖြစ်သော်လည်း လက်တွေ့တွင်မူ အများနှင့် တစ်ယောက်ဆိုသကဲ့သို့ အမေရိကန်တစ်နိုင်ငံတည်းနှင့် ကမ္ဘာ့နိုင်ငံများ ထိပ်တိုက်ရင်ဆိုင်ဖြစ်နေရပေ သည်။ အမေရိကန်နိုင်ငံကိုယ်တိုင် အထီးကျန်ဖြစ်နေရပေသည်။

၁၅-၃-၂၀၀၆ ရက်နေ့စွဲဖြင့် အင်တာနက်သတင်း (Middle East FOREX. Com) မှ ဖြန့်ချိသော အမေရိကန်လူ့အခွင့်အရေး အစီရင်ခံစာ အပေါ် ဝေဖန်ချက်များကို ဤသို့တွေ့ရှိရသည်-

**"တစ်ချိန်ကတော့ အမေရိကန်လူ့အခွင့်အရေး အစီရင်ခံစာဆိုတာကို အမေရိကန်မူဝါဒချမှတ်သူတွေ ကိုယ်တိုင်နဲ့ ကမ္ဘာက အမှန်အကန်လို့ ထင်ခဲ့ကြပါသေးတယ်။ အခုတော့ အစီရင်ခံစာတစ်ခုလုံးဟာ လိမ်ဆင်၊ အယောင်ဆောင် အစီရင်ခံချက်တွေချည်းဖြစ်တာ တွေ့နေရပါပြီ။ သမ္မတ ဘုရှ် ကိုယ်တိုင်က ကျွန်ုပ်တို့ (အမေရိကန်ပြည်ထောင်စု)ရဲ့ ဥပဒေကို ချိုးဖောက်ပြီး အမေရိကန်ပြည်သူတွေရဲ့ ဆက်သွယ်ရေးတယ်လီဖုန်းတွေ ကြားဖြတ်နားထောင် ထောက်လှမ်းလာတယ်။ ဒါတောင် အမေရိကန်ဟာ ဒီမိုကရေစီနဲ့ လွတ်လပ်ရေးကို ကာကွယ်ပေးနေလေဟန် ကြွေးကြော် နေကြသေးတယ်"**

(အမေရိကန်ပြန်ကြားရေးအေဂျင်စီ USIA အငြိမ်းစား အရာရှိ ပက်ထရီရှာ ကူရှ်လစ်)

**"အမေရိကန်လူ့အခွင့်အရေး အစီရင်ခံစာရဲ့ အကျိုးသက်ရောက်မှု ကတော့ အမေရိကန်သမ္မတဘုရှ် အစိုးရရဲ့ မောက်မာလွန်းတဲ့ တစ်ကိုယ်တော်ထင်ရာစိုင်းလုပ်ရပ်ရယ်၊ နိုင်ငံတကာက ဆုံးဖြတ်တားမြစ် ထားတဲ့ အကျဉ်းသားများအပေါ် လူမဆန်တဲ့ ညှဉ်းပန်းမှုမပြုလုပ်ရေး ကျင့်စဉ်ကို မထီမဲ့မြင် ပြုလုပ်နေပုံရယ်တို့ကို ပေါ်လွင်စေတာပါပဲ။ ဒါကြောင့် ကမ္ဘာ့နိုင်ငံများက အမေရိကန်ရဲ့ လူ့အခွင့်အရေးအစီရင်ခံစာ အပေါ် အလေးမထားကြတော့တာဖြစ်တယ်"**

(ဂျီနီဗာ အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်နှင့် သည်ဟိဂ်မြို့ရှိ နိုင်ငံတကာတရားရုံးတွင် ရှေ့နေ တာဝန်ထမ်းဆောင်နေသူ နိုအာအက်စ် လီဗစ်)

ဝါရှင်တန်မြို့တော်ရှိ ဂျော့ချ်တောင်းတက္ကသိုလ်မှ အာရပ်နိုင်ငံရေးနှင့် အာရပ်ရေးရာ လေ့လာရေး တွဲဖက်ပါမောက္ခဆာမာရီဟာတာကလည်း လူ့အခွင့်အရေးနှင့် ဥပဒေစိုးမိုးရေးအကြောင်းနှင့်ပတ်သက်၍ အမေရိကန် နှင့် ဆွေးနွေးရန် ယုံကြည်မှုမရှိကြတော့သည်ကို တုန်လှုပ်ချောက်ချားဖွယ် သတိပြုမိကြောင်း၊ အထူးသဖြင့် အာရပ်နိုင်ငံများတွင် အမေရိကန်၏ လူ့အခွင့်အရေးစကားလုံး၊ ဥပဒေစိုးမိုးရေးစကားလုံးများကို အလေးထား ယုံကြည်မှုမရှိတော့ကြောင်း၊ ဤသည်မှာ ကမ္ဘာပေါ်တွင် လူ့အခွင့်အရေးနှင့် ဥပဒေစိုးမိုးမှုကို အချိုးဖောက်ဆုံး နိုင်ငံ၏ လူ့အခွင့်အရေးအစီရင်ခံစာကို မည်သူမျှလက်မခံနိုင်သည်ကို ဖော်ပြနေကြောင်း၊ လူတိုင်းလိုပင် အဘူဂါရိတ်အကျဉ်းထောင်တွင်း၌ အီရတ်များကို အမေရိကန်စစ်သားများ က ရက်စက်စွာ ညှဉ်းပန်းခဲ့သည်ကို သိနေကြသလို ဂွမ်တာနာမိုနှင့် အရှေ့အလယ်ပိုင်းမှ ရက်စက်ကြမ်းကြုတ်မှုများကို မမေ့ကြကြောင်းဖြင့် ဝေဖန်ထားသည်။

အမေရိကန်သမ္မတ ကနေဒီလက်ထက်(၁၉၆၁-၁၉၆၃)တွင် အကြီးတန်းအရာရှိဖြစ်ခဲ့ပြီး ယခု မြောက်ကာရိုလိုင်းနားတက္ကသိုလ်တွင် ပါမောက္ခအဖြစ် အမှုထမ်းနေသော ဒေါက်တာဂျက်အင်န်ဘားမန်းက ဝါရှင်တန်အစိုးရသည် ရှေးကမကောင်းဆိုးရွား အင်ပိုင်ယာကြီးမှ သက်ဦး ဆံပိုင်များကို ပုံတူကူးချကာ ညှဉ်းပန်းသတ်ဖြတ်မှုများ လုပ်လာနေကြောင်း ဖြင့် ဝေဖန်ခဲ့သည်။

လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ တစ်ခုကမူ ဘုရှ်သည် ရက်စက် ယုတ်မာစွာညှဉ်းပန်းနှိပ်စက်မှုမျိုး မလုပ်ပါဟုဆိုနေကြောင်း၊ ဘုရှ်က မည်သည့် လုပ်ရပ်ကို ညှဉ်းပန်းမှုဟုဆိုလိုသည်မှာ မရှင်းလှကြောင်း၊ အဘယ်ကြောင့် ဆိုသော် အကျဉ်းသားများကို ညှဉ်းပန်းမှုများ ဘူးပေါ် သလိုပေါ်လာ၍ ဖြစ်ကြောင်း၊ အာဖဂန်နစ္စတန်ရှိ အမေရိကန်အကျဉ်းစခန်း၊ ဂွမ်တာနာမို ပင်လယ်အော်နှင့် အီရတ်ရှိ အမေရိကန်အကျဉ်းစခန်းများတွင် အမေရိကန်တို့၏ ညှဉ်းပန်းမှုအစီရင်ခံစာများ မိမိတို့ အမြောက်အမြား ရရှိထားကြောင်း၊ ထိုအကျဉ်းစခန်း မျိုးများမှာ တိုးပွားလာနေကြောင်း၊ ၂၀၀၂ ခုနှစ်အတွင်း အမေရိကန်တို့၏ အကျဉ်းသားနှိပ်စက်ညှဉ်းပန်းမှု သုံးရာကျော်ရှိခဲ့ကြောင်း၊ အနည်းဆုံးအကျဉ်းသား ၈၆ ဦးသေဆုံးခဲ့ကြောင်း၊ အမေရိကန်အစိုးရက ထိုသေဆုံး ရမှုများအနက် ၂၇ မှုခန့်မှာ ရာဇဝတ်မှု မကင်းသော သတ်ဖြတ်မှုအဖြစ် ဝန်ခံကြောင်း၊ မသင်္ကာဖွယ် အကြမ်းဖက် သမားဆိုသူများကို အမေရိကန်က အကျဉ်းသားနှိပ်စက်မှုတွင် နာမည်ဆိုးဖြင့် ကျော်ကြားနေသော အီဂျစ်နှင့် ဂျော်ဒန်အကျဉ်းထောင်များသို့ ပေးပို့ နှိပ်စက်စေသည့်ကိစ္စကြောင့် အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဘာရီလိုဝင်တရွန်မှာ ဝေဖန်ပြစ်တင်ခံနေရကြောင်းဖြင့် အဆိုပါ လူ့အခွင့် အရေး စောင့်ကြည့်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ၌ ဖော်ပြထားသည်။

မလေးရှားနိုင်ငံမှ အဘာရာဟမ်ကလည်း အမေရိကန်၏ လူ့အခွင့် အရေး ချိုးဖောက်မှုအကြောင်းမှာ မဆန်းတော့ကြောင်း၊ အမေရိကန်နှင့် ဥရောပသည် အခြားနိုင်ငံများကို လူ့အခွင့်အရေးအကြောင်း ဆရာလုပ်နေ ပြီး သူတို့ကိုယ်တိုင် အီရတ်၊ အာဖဂန်နစ္စတန်၊ ဂွမ်တာနာမိုနှင့် ဥရောပ (စီအိုင်အေ) လျှို့ဝှက်အကျဉ်း စခန်းများ၌ အကျဉ်းသားများကို ရက်စက်စွာ ညှဉ်းပန်းနေကြောင်း၊ ထို့ကြောင့် အမေရိကန်တို့အနေဖြင့် လူ့အခွင့်အရေး အကြောင်း ပြောနေသည့်ပါးစပ်များကို ပိတ်ထားသင့်ပြီဖြစ်ကြောင်း၊ လူ့အခွင့်အရေးအစစ်အမှန်ကို သိနားလည်နိုင်ရန် အမေရိကန်တို့သည် တရုတ်တို့ထံမှ ဆည်းပူးသင့်ကြောင်း ဖော်ပြထားသည်။

ထိုင်းနိုင်ငံမှ ခရစ်(စ်)ကလည်း အမေရိကန်လူ့အခွင့်အရေးအစီရင်ခံစာ ဘက်မှ ရှေ့နေလိုက်နေသူများသည် ရာနှုန်းပြည့်မှားယွင်းနေကြောင်း၊ အမေရိကန်စီအိုင်အေနှင့် ဗြိတိသျှအမ်အိုင်-၆ ထောက်လှမ်းရေးတို့က အီရန်မှ ဒီမိုကရေစီအစိုးရဝန်ကြီးချုပ် မိုဆာဒက်ကို ၁၉၅၃ ခုနှစ်အတွင်း ဖြုတ်ချခဲ့ကြောင်း၊ မိုဆာဒက်က အီရန်ရေနံကို အီရန်တို့သာ ပိုင်ရမည် ဟူသော အမျိုးသားရေးခံယူချက်ဖြင့် ဗြိတိသျှရေနံ ကုမ္ပဏီလက်မှ အီရန် ရေနံလုပ်ငန်းကို နိုင်ငံပိုင်သိမ်းခဲ့၍ဖြစ်ကြောင်း၊ မိုဆာဒက်ကို ဖြုတ်ချပြီး

**တက္ကသိုလ် မြတ်သူ**

အာဏာရှင်ရှားဘုရင်ကို နန်းတင်ခဲ့ကြောင်း၊ ဒီမိုကရေစီပါလီမန်ကို ဖျက်သိမ်း ခဲ့ကြောင်းဖြင့် ဝေဖန်ခဲ့သည်။

ဘာရိန်းနိုင်ငံမှ မွတ်စတာဖာက အမေရိကန်သည် ကြောင်သူတော် အကြီးစားဖြစ်၍ ကမ္ဘာပေါ်တွင် မရိုးသားဆုံးနိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်းပင် အမေရိကန်နိုင်ငံနောက်သို့ သံယောင်မလိုက်မိကြဖို့ လိုကြောင်း ဖြင့် ပြောကြားသွားသည်။ လူ့အခွင့်အရေးဟူသော စကားလုံးကို အမေရိကန် တို့ အလွဲသုံးစား မလုပ်သင့်ဟု ယူဆသူက ဤကမ္ဘာတွင် လူများစုဖြစ်လာ နေပေသည်။

**လူ့အခွင့်အရေးစကားလုံးကို ရေလဲနှင့်သုံးနေသော အမေရိကန်အစိုးရ ၏ မှုမမှန် သရုပ်ပျက်ပုံများကို ယခုနှစ် အစွပ်စွဲခံနိုင်ငံများ၏ တုံ့ပြန် ချေပမှုများက အခိုင်အမာပြုထားပေသည်။ အလားတူ ဒီမိုကရေစီ စကား တွင်တွင်ပြောပြီး တစ်ကမ္ဘာလုံး အေးချမ်းစွာ မနေရအောင် ဒီမိုကရေစီ ညှော်တိုက်နေပုံကိုလည်း နိုင်ငံ အများစုက နှာခေါင်းရှုံ့နေကြပြီဖြစ်သည်။ အမေရိကန်တွင် စတီဆန္ဒပြမှုမျိုးသာလက်ခံပြီး လူအင်အား များများ သဲသဲမဲမဲ ဆန္ဒပြလာလျှင် နှိပ်ကွပ်သောဖြစ်ရပ်များကို နေရာငဲ့ပြီး မတင်ပြ တော့ပါ။ ကုလသမဂ္ဂကဲ့သို့ ကမ္ဘာ့နိုင်ငံအားလုံးနီးပါး ကိုယ်စားပြုသော အဖွဲ့ကြီးမှာပင် အမေရိကန်က ကုလသမဂ္ဂတံဆိပ်တုံးကို ရသမျှသုံးကာ ၎င်းတို့မလိုလားသောနိုင်ငံများကို ဒုက္ခပေးခဲ့သည်။ အမေရိကန်ကိုယ်တိုင် ကား ကုလသမဂ္ဂ၏ ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်များကို ဆန့်ကျင် ခဲ့သည်မှာလည်း များလှပေပြီ။**

၁၉၈၄ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်း အမေရိကန်က ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များကို ကန့်ကွက်သည့်အကြိမ်ပေါင်း ၁၅၀ ခန့်ရှိသည်။

ကုလသမဂ္ဂ၏ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အမေ ရိကန်က တစ်လျှောက်လုံး ဆန့်ကျင် ချိုးဖောက်ခဲ့သည်။ ယင်းလူ့အခွင့် အရေး ကြေညာစာတမ်းကို ကဏ္ဍအလိုက် အကောင်အထည်ဖော်ရန် ECOSOC, UNESCO စသည့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များက ရေးဆွဲသောသဘောတူစာချုပ်များ၊ ဥပမာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်သော နိုင်ငံတကာ သဘောတူညီချက်၊ အသားအရောင်ခွဲခြားသော ရာဇဝတ်မှုကို နှိမ်နင်းဟန့်တားခြင်း၊ ပြစ်ဒဏ် ချမှတ်ခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ အမျိုးသမီးများအပေါ် ဖိနှိပ်မှု၊ ခွဲခြားဆက်ဆံမှု ပုံစံအားလုံးကို ချုပ်ငြိမ်းအောင် ဆောင်ရွက်ရေး ဆိုင်ရာ သဘောတူညီချက်၊ ကလေးသူငယ်များ ရပိုင်ခွင့်ဆိုင်ရာ သဘော တူညီချက်တို့ကို အမေရိကန်ပြည်ထောင်စုက လက်ခံရန် ငြင်းဆန်နေခဲ့ သည်။ ပြည်သူလူထု၏ လူမှုအခွင့်အရေးနှင့် နိုင်ငံရေးဆိုင်ရာ အပြည်ပြည် သဘောတူညီချက် (International Convenant on Civil and Political Rights) ကို ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းပေးပြီးနောက် ၂၆ နှစ်အကြာ ၁၉၉၂ ခုနှစ်တွင်မှ အမေရိကန်က လက်ခံခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ကုလသမဂ္ဂသို့ ထည့်ဝင်ရမည့် အချိုးကျထည့်ဝင်ကြေးများကို ဆယ်စုနှစ်နှင့်ချီပြီး မပေးသွင်းဘဲ နေခဲ့သည်။ ထို့ကြောင့် ၂၀၀၁ ခုနှစ် မေလတွင် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေး ကောင်စီ (ECOSOC) က အဖွဲ့ဝင် ၅၃ နိုင်ငံပါဝင်သော ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် (HRC)အဖွဲ့ဝင်အဖြစ်မှ အမေရိကန်နိုင်ငံအား ထုတ်ပယ်လိုက်သည်။ အမေရိကန်၏ မဟာမိတ်နိုင်ငံများက ဦးဆောင်ပြီး မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်သည် ၁၉၉၈ ခုနှစ်တွင် ကုလသမဂ္ဂ စီမံခန့်ခွဲရေးနှင့် ဘတ်ဂျက်လုပ်ငန်းများဆိုင်ရာ အကြံပေးကော်မတီမှ ထုတ်ပယ်ခံရပြီးနောက်ပိုင်းကျမှ အဖွဲ့ဝင်ပြန်ဖြစ်ခွင့် ရလာခဲ့သည်။

နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံးတည်ထောင်သည့် စာချုပ် ကို အမေရိကန်က လက်မှတ်မရေးထိုးပေ။ အမေရိကန်ပြည်ထောင်စု၏ ပြင်ပတွင် တာဝန်ထမ်းဆောင်နေသော အမေရိကန်စစ်ဘက်မှ လူများကို ထိုခုံရုံးတွင် စစ်ဆေးခြင်းမပြုဟု ကတိပေးမှ စာချုပ်လက်မှတ်ထိုးမည်ဟု သမ္မတဘုရှ်က ပြောကြားခဲ့သည်။

**ယနေ့ကမ္ဘာတွင် ထိုသို့သော မမှန်မကန်စွပ်စွဲပုတ်ခတ်၊ ပိတ်ဆို့ နှောင့်ယှက်၊ ဗိုလ်ကျစိုးမိုး ခြေရှုပ်မှုမျိုးသာမရှိလျှင် ကမ္ဘာကြီးသည် ကေန်မုချ ငြိမ်းချမ်းသာယာမည်။ လုံခြုံတည်ငြိမ်မည်။ ဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည်။ ယခင်နှစ်များက အမေရိကန်နိုင်ငံခြားရေးဌာန၏ လူ့အခွင့် အရေးအစီရင်ခံစာကို နိုင်ငံအချို့ကသာ တုံ့ပြန်ချေပခဲ့သော်လည်း ယခုနှစ် တွင်ကား တစ်ကမ္ဘာလုံး သံပြိုင်ဟစ်ကြွေး ကန့်ကွက်ပယ်ချကြသည်။ တုံ့ပြန်ချေပကြသည်။ အမေရိကန်တို့ ရင်ဖိုစိုးရွံ့လောက်ပေသည်။**

အမေရိကန်၏ ပြည်တွင်း၊ ပြည်ပ လူ့အခွင့်အရေးစံနှစ်မျိုး၊ ပြည်တွင်း၊ ပြည်ပ ဒီမိုကရေစီ စံနှစ်မျိုးကိုလည်း ကမ္ဘာ့ပြည်သူများက ခွဲခြားနားလည်သွားကြပေပြီ။ နိုင်ငံအချို့၌ လူဦးရေ၏ သုံးပုံနှစ်ပုံ၊ သန်းပေါင်း နှစ်ဆယ်၊ သုံးဆယ်က မဲဆန္ဒပေးရွေးကောက်လိုက်သော အစိုးရများစွာကို လူနှစ်ထောင်၊ နှစ်သောင်း လမ်းပေါ်ထွက် ဆန္ဒပြဆူပူရုံဖြင့် ပြုတ်ကျစေသောလုပ်ရပ်များကို အမေရိကန်အစိုးရနှင့် အမေရိကန်မီဒီယာ များက လုပ်ဆောင်ခဲ့၊ လုပ်ဆောင်ဆဲဖြစ်သည်။

တင်ပြခဲ့သည့်အတိုင်း အမေရိကန်တွင် နာရီပိုင်းမျှသာ စတီဆန္ဒပြ ကြပြီးလျှင် အိမ်ပြန်ကြသည်ကိုသာ လက်ခံသည်။ နေ့စဉ်ရက်ဆက် မပြီးနိုင်မစီးနိုင် ဆန္ဒပြလာလျှင် စွပ်စွဲချက်တစ်ခုခုဖြင့် ဖြိုခွဲသည်။ အခြား နိုင်ငံများတွင် ဆူပူမှုဖန်တီးရာ၌မူ ၎င်းတို့ကြိုးကိုင်ထားသော ဆူပူရေး သမားများကို အိမ်မပြန်ဘဲ နေ့ဆက်ရက်ဆက် ဆန္ဒပြခိုင်းသည်။ မင်းမဲ့ စရိုက်များဖြင့် အကြမ်းဖက်စေသည်။ ဤလုပ်ရပ်ကို ဒီမိုကရေစီရေး လှုပ်ရှားသည်ဟု နာမည်ပေးထားသည်။ ၎င်းတို့သြဇာခံများက ဖုံးခွဲ တိုက်ခိုက်၊ လုယက်၊ မီးရှို့၊ သတ်ဖြတ်မှုများကို ၎င်းတို့၏ မီဒီယာများမှ ငြင်းပေးသည်။ ဖုံးကွယ်ပေးသည်။ ရုံဖန်ရံခါ ထိုလုပ်ရပ်ကို ဒီမိုကရေစီရေး ကြိုးပမ်းမှုဟုဆိုသည်။ အမေရိကန်ကို တိုက်ခိုက်လျှင်မူ တိုက်ခိုက်သည့် အကြောင်းရင်းခံ မည်သို့ရှိစေ၊ အကြမ်းဖက်တိုက်ခိုက်မှုဟု ကင်ပွန်းတပ် လိုက်တော့သည်။ အီရတ် ကျူးကျော်စစ် သုံးနှစ်ပြည့်နေ့က အမေရိကန်၊ ဗြိတိန်၊ ဥရောပနှင့် အာရပ်နိုင်ငံများတွင် ဆန္ဒပြပွဲများ ကျင်းပကာ အမေရိကန်၏ မမှန်ကန်သော အကြောင်းပြချက်များဖြင့် အီရတ်အား ကျူးကျော်မှုကို ဆန့်ကျင်ခဲ့ကြသည်။

အမေရိကန်နှင့် အပေါင်းပါများ၊ ၎င်းတို့၏ သြဇာခံတပည့်လက်သား ပြည်ပြေးများ၊ ပြည်တွင်းပုဆိန်ရိုးများက နိုင်ငံအေးချမ်းမှု၊ ဖွံ့ဖြိုးမှုအဝဝကို ဖျက်လိုဖျက်ဆီး လုပ်နေကြသည့်တိုင် မြန်မာနိုင်ငံသည် အေးချမ်း သာယာလျက်ရှိသည်။ မြန်မာတို့အတွက် လူ့အခွင့်အရေး ရပိုင်ခွင့်ဟူသည် မွေးရာပါ အပြီးအပိုင် အပ်နှင်းထားသော ရရှိပြီးအခွင့်အရေး Vested Right ဖြစ်ပေသည်။ ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြီး ချစ်ကြည်စည်းလုံးသော၊ ယဉ်ကျေးသိမ်မွေ့သော မြန်မာတို့၏ ပင်ကို စိတ်ရင်းအရ မြန်မာနိုင်ငံတွင် တိုင်းဆူပြည်ဖျက်ခွင့်မှ အပ ကျန်လူ့အခွင့် အရေးများ အပြည့်အဝရနေသည်ကို မှတ်ကျောက်တင်ထားပြီး ဖြစ်ပေသည်။ တိုင်းဆူ ပြည်ဖျက်လုပ်ရပ်ဟူသမျှသည် လူ့အခွင့်အရေးမဟုတ်ကြောင်း အဓိပ္ပာယ် ဖွင့်ထားပြီးဖြစ်ပါကြောင်း။ ။

# ရာဇဝတ်ပြစ်မှုများဖြေရှင်းရန် အိန္ဒိယနှင့်ပါကစ္စတန် ပူးပေါင်းအဖွဲ့ ဖွဲ့စည်း

**နယူးဒေလီ မတ် ၂၃**

လူကုန်ကူးမှု၊ ငွေတုပြုလုပ်မှုနှင့် တရားမဝင်နိုင်ငံအတွင်း ဝင်ရောက်မှုစသည့် ရာဇဝတ်မှုများအား ဖြေရှင်းရာတွင် ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မည့် ပူးတွဲလေ့လာရေးအုပ်စု ထူထောင်ဖွဲ့စည်းကြောင်း အိန္ဒိယနှင့်ပါကစ္စတန် စုံစမ်းရေး အေဂျင်စီများက ဗုဒ္ဓဟူးနေ့တွင် ကြေညာလိုက်သည်။

အိန္ဒိယဗဟိုစုံစမ်းစစ်ဆေးရေး(စီဘီအိုင်)နှင့်ပါကစ္စတန် စုံစမ်းစစ်ဆေးရေး အေဂျင်စီ (အက်ဖ်အိုင်အေ)တို့က ၁၇ နှစ် နီးပါး ဆွေးနွေးမှုမရှိဘဲ အဆက်ပြတ်နေရာမှ ပြန်လည်ကျင်းပသည့် နှစ်ရက်ကြာ တွေ့ဆုံညှိနှိုင်းပွဲသည် ဗုဒ္ဓဟူးနေ့က ပြီးဆုံးခဲ့သည်။

**ညှိနှိုင်းဆွေးနွေး**

စီဘီအိုင် ညွှန်ကြားရေးမှူး ဗီဂျေရှန်ကာနှင့် အက်ဖ်အိုင်အေညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီး တာရစ်ပါဗက်စ်တို့ ဦးဆောင်သည့် အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသည် နှစ်နိုင်ငံအတွင်း ယုံကြည်မှုတည်ဆောက်ရေး အစီအစဉ်များ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ညှိနှိုင်းဆွေးနွေးပွဲသည် အပြုသဘောဆောင်ကြောင်း ရှန်ကာ၏ ပြောကြားချက်ကို ကိုးကား၍ အိန္ဒိယအာရှသတင်းဌာနက ဖော်ပြသည်။

**ဆုံးဖြတ်ထား**

နှစ်ဦးနှစ်ဖက်စလုံးက ရာဇဝတ်ပြစ်မှုနှင့် ရာဇဝတ်မှုကျူးလွန်သူများ ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးကြသည်ဟု စီဘီအိုင်ညွှန်ကြားရေးမှူးက ပြောကြားသည်။

စီဘီအိုင်နှင့် အက်ဖ်အိုင်အေအကြား ပူးပေါင်းဆောင်ရွက်ရေး ပိုမိုကောင်းမွန်လာစေရန်အတွက် အရာရှိတစ်ဦးခန့်ထားသွားရန် နှစ်ဦးနှစ်ဖက်က ဆုံးဖြတ်ထားသည်ဟု ပူးတွဲကြေညာချက်အရ သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အိန္ဒိယနိုင်ငံ အမ်ရစ်ဆာမြို့မှ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့နှင့် နမ်ကာနာဆာဘ်မြို့တို့သို့ ပြေးဆွဲနေသော အဝေးပြေးဘတ်စ်ကားတစ်စီးကို မတ် ၂၃ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

# စင်ကာပူ၌ ရထားနှင့်ဘတ်စ်များတွင် လုံခြုံရေးကင်မရာတပ်ဆင်မည်

**စင်ကာပူ မတ် ၂၃**

စင်ကာပူနိုင်ငံရှိ မြေအောက်ရထားနှင့် ဘတ်စ်ကားများတွင် လုံခြုံရေးကင်မရာများကို လာမည့်နှစ်အစောပိုင်း၌ တပ်ဆင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏သယ်ယူပို့ဆောင်ရေး ကွန်ရက်တွင် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်သွားရန် ထိုသို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက မတ် ၂၂ ရက်တွင် ဖော်ပြခဲ့သည်။

စင်ကာပူနိုင်ငံရှိရထားနှင့်ဘတ်စ်ကား အစီးရေ ၃၅၀၀တွင် အဆိုပါကင်မရာများတပ်ဆင်ပြီး မှတ်တမ်းတင်ထိန်းသိမ်းထားရန် ကုန်းလမ်းပို့ဆောင်ရေး အာဏာပိုင်အဖွဲ့(အယ်လ်တီအေ)က စီစဉ်ထားသည်ဟု စထရိတ်တိုင်းစ်သတင်းစာက ရေးသားဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ အထည်ချုပ်စက်ရုံတွင် မီးလောင်မှုဖြစ်ပွား

**ဒါကာ မတ် ၂၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် စစ်တကောင်းမြို့၌ အင်္ဂါနေ့ညက မီးလောင်ခဲ့သဖြင့် လုပ်သား ၄၄ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း ဆင်ဟွာသတင်း ဌာနက ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တစ်လအတွင်း အထည်ချုပ်စက်ရုံ၌ ဒုတိယအကြိမ် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

**ဆုံးရှုံး**

ခြောက်ထပ်အထည်ချုပ် စက်ရုံအဆောက်အအုံတွင် မီးလောင် ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ မီးလောင်ကျွမ်းသဖြင့် ဇာထိုးပန်းထိုးအထည် တာကာ ၁၅ သန်းဖိုး ဆုံးရှုံးခဲ့ကြောင်း၊ မီးသတ်ကား ၁၄ စီးဖြင့် ဗုဒ္ဓဟူးနေ့နံနက်အထိ မီးငြိမ်းသတ်ခဲ့ရကြကြောင်း၊ မီးလောင်သည့် အကြောင်းရင်းကို မသိရသေးကြောင်း မီးသတ်သမားများက ပြောကြားသည်။

အဖျက်သမားကြောင့် မီးလောင်မှုဖြစ်ပွားရဖွယ်ရှိသည်ဟု ဘင်္ဂလားဒေ့ရှ် အဝတ်အထည် ထုတ်လုပ်ရောင်းချရေးအဖွဲ့ခေါင်းဆောင်က ပြောကြားသည်။ အဆိုပါ စက်ရုံမှ ဆွယ်တာအင်္ကျီများကို ပြည်ပသို့ မတ်လ ၂၃ ရက်တွင် တင်ပို့ရန်ရှိသည်ဟု ၎င်းခေါင်းဆောင်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ထိုင်းနိုင်ငံတွင် ရထားနှင့်ကားတိုက် ခြောက်ဦးထက်မနည်း သေဆုံး

**ဗန်ကောက် မတ် ၂၃**

ထိုင်းနိုင်ငံ ရပ်ချာဘူရီပြည်နယ် အလယ်ပိုင်းရှိ ရထားနှင့်ကား ဖြတ်ကျော်သောလမ်းတွင် မတ် ၂၂ရက် နံနက်ပိုင်းက ကုန်တင်ကားနှင့်ရထား တိုက်မိရာလူခြောက်ဦးထက် မနည်း သေဆုံးပြီး ၄၀ကျော်ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာပြင်းထန်သူ ၂၂ ဦးထက် မနည်းရှိပြီး ၎င်းတို့ကို ရပ်ချာဘူရီဆေးရုံသို့ ပို့ဆောင်ထားခဲ့ရသည်။ ဒဏ်ရာရရှိသူများတွင် နိုင်ငံခြားသားများလည်းပါဝင်သည်။

ကုန်တင်ကားတွင် စီးနင်းလိုက်ပါလာသူ သုံးဦးနှင့် ရထားတွင်လိုက်ပါလာ သူသုံးဦးတို့ သေဆုံးခဲ့သည်။

မလေးရှားမြောက်ပိုင်း ဘာတာဝတ်မြို့မှ ဗန်ကောက်မြို့ ဟူဘာလမ်ပွန်ဘူတာရုံသို့ ပြေးဆွဲနေသော ရထားသည် နံနက် ၉နာရီခန့်တွင် မတော်တဆဖြစ်ပွားမှုနှင့် ကြုံရခြင်းဖြစ်သည်။ ရထားပေါ်တွင် ခရီးသည် ၄၀၀ ကျော် လိုက်ပါလာကြသည်။

ကုန်တင်ကားပေါ်တွင် တိရစ္ဆာန်အစာများ သယ်ဆောင်လာကြောင်း၊ ကားသည် အလိုအလျောက်ဖွင့်ပိတ်အသုံးပြုသော ရထားသံလမ်းကို ဖြတ်သန်းမောင်းနှင်လာခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ကားပေါ်၌ လိုက်ပါလာသူ တစ်ဦးကြောင့် ယာဉ်မောင်းသည် အာရုံပျက်ယွင်းပြီး ယာဉ်တိုက်မှုဖြစ်ပွားရခြင်းဖြစ်သည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**မြေအောက်ရထား**

**စင်ကာပူနိုင်ငံရှိ မြေအောက်ရထားတစ်စင်းကို တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

# ဖိလစ်ပိုင်ရှိ ဘူလူဆန်မီးတောင် လှုပ်ရှား

**မနီလာ မတ် ၂၃**

ဖိလစ်ပိုင်နိုင်ငံ ဆော်ဆိုဂွန်ဒေသရှိ ဘူလူဆန်မီးတောင်ကို မီးတောင်ပညာရှင်များက အနီးကပ် စောင့်ကြည့်လျက်ရှိကြောင်း၊ အဆိုပါမီးတောင်မှပြာပူများ လွှင့်ထုတ်မှုသည် မတ် ၂၂ ရက် ညပိုင်းတွင် ၁ ဒသမ ၅ ကီလိုမီတာအကွာအဝေးအထိ ရောက်ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ မီးတောင်လေ့လာရေးအဖွဲ့က မတ် ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ဆော်ဆိုဂွန်ပြည်နယ် ဘူလူဆန်မီးတောင်မှ ပြာပူများ ထွက်ရှိနေသည်ကို မတ် ၂၂ ရက် ည ၁၀ နာရီခန့်တွင် တွေ့မြင်ခဲ့ရကြောင်း အဆိုပါအဖွဲ့မှ ညွှန်ကြားရေးမှူး ရီနာတိုဆိုလီဒမ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

အဆိုပါမီးတောင်၏ ပြာပူများထွက်ရှိလာသော အခြေအနေသည် ပုံမှန်မဟုတ်ကြောင်း ၎င်းကဆိုသည်။မနီလာမြို့အရှေ့တောင်ဘက် ကီလိုမီတာ၂၅၀ခန့် အကွာတွင် ဘူလူဆန်မီးတောင်တည်ရှိသည်။ အဆိုပါမီးတောင်သည် ၁၅ကြိမ်မျှ ပေါက်ကွဲခဲ့ပြီး နောက်ဆုံးပေါက်ကွဲမှုမှာ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီအတွင်း ဖြစ်ပွားခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

**တရုတ်ပြည်တွင် ပြုစုပျိုးထောင်ထားသော ပန်ဒါဝက်ဝံငယ်လေးများအား ပန်ဒါချစ်သူများနှင့်အတူ တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*



# ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးရေး အိန္ဒိယ၌ လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်

**မွမ်ဘိုင်း မတ် ၂၃**

ကျန်းမာရေးဌာနမှ ဝန်ထမ်းများက အိန္ဒိယနိုင်ငံ အနောက်ပိုင်းဒေသရှိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့် ခရိုင်တစ်ခုမှ အိုးအိမ်များနှင့် နောက်ဖေးလမ်းကြား၊ လမ်းမများကိုရောဂါတိုက်ဖျက်ရေးအတွက် ပိုးသတ်ဆေးရည်များ ဖျန်းပေးသည့် သန့်ရှင်းရေးလူထုလှုပ်ရှားမှုတစ်ရပ်ကို စတင်ဆောင်ရွက်ခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက တနင်္လာနေ့တွင် ပြောကြားသည်။

နာဗာပူမြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ပထမဆုံးဖြစ်ပွားခဲ့ပြီးနောက် H5N1 ကြက်ငှက်တုပ်ကွေးရောဂါသည် မဟာရာရှ်ရာပြည်နယ်မှ ဂျာဂါအွန်ခရိုင်၌ ဒုတိယအကြိမ် ဖြစ်ပွားခဲ့သည်။

**စောင့်ကြည့်**

ဂျာဂါအွန်ရှိ ကြက်ငှက် ၉၀၀၀၀ ကျော်ကို သုတ်သင်ပစ်ခဲ့ရသည်။ ထောင်ချီရှိသည့် လူများကို စောင့်ကြည့်လေ့လာနေရပြီး လူအများတွင် အဆိုပါ ရောဂါရှိ၊ မရှိ စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။ ဆရာဝန်တစ်ဦးအပါအဝင် လူသုံးဦးထက်မနည်း တုပ်ကွေးရောဂါခံစားနေသည်ကို တွေ့ရှိရသဖြင့် လေ့လာနေဆဲဖြစ်သည်။ ၎င်းတို့ရောဂါရှိ၊ မရှိ စမ်းသပ်ချက်သည် ရက်အတန်ကြာတွင်မှ သိရှိရမည်ဖြစ်သည်။

ယခုအချိန်အထိ အိန္ဒိယနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူများသို့ ကူးစက်မှု မရှိသေးဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

**နိုင်ငံတကာ သတင်းများ**

# အမေရိကန်၏ ခြိမ်းခြောက်မှု အီရန်လက်မခံ ပယ်ချ ကန့်ကွက်သည့် စာတစ်စောင်ကို ကိုဖီအာနန်ထံပေးပို့

တီဟီရန် မတ် ၂၂

**အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာနှင့်စပ်လျဉ်း၍ အီရန်အစ္စလမ္မစ်သမ္မတနိုင်ငံအပေါ် အင်အားသုံးသည့်နည်းကို ရွေးချယ်ရမည်ဟု အမေရိကန်၏ ခြိမ်းခြောက်ပြောကြားချက်နှင့်အတူ အီရန်၏ နျူကလီးယားဆိုင်ရာ အမေရိကန်၏ ရပ်တည်ချက်ကို အီရန်က ဆန့်ကျင်ကန့်ကွက်ကြောင်း အိုင်အာအင်အေသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။**

အဆိုပါ ဆန့်ကျင်ကန့်ကွက်ကြောင်း ဖော်ပြထားသော စာတစ်စောင်ကို အီရန်သံအမတ်ကြီးနှင့် ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်ဖြစ်သူ မိုဟာမက်ဂျာဗက်ဇာရစ်ထံမှ တစ်ဆင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကိုဖီအာနန်ထံသို့ တနင်္လာနေ့တွင် ပေးပို့ခဲ့သည်။

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ အခြေခံစည်းမျဉ်းများနှင့် နိုင်ငံတကာ ဥပဒေတို့ကို လုံးဝမထီမဲ့မြင်ပြုကာ အီရန် အစ္စလမ္မစ်သမ္မတနိုင်ငံအပေါ် အင်အားသုံးမည့်နည်းလမ်း ရွေးချယ်မည်ဟု ခြိမ်းခြောက်သည့်စကားကို လူအများ လက်ခံလာစေရန် အမေရိကန် အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်များက မှားယွင်းသည့် ဆင်ခြေဆင်လက်များကို အသုံးချခဲ့ကြသည်ဟု အဆိုပါစာတွင် ဖော်ပြထားသည်။ အမေရိကန်နိုင်ငံက အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များ လျှို့ဝှက်ထုတ်လုပ်နေသည်ဟု စွပ်စွဲထားသည်။

အမေရိကန်က နျူကလီးယားပြဿနာအပေါ် စစ်ရေးအရ ဖြေရှင်းမည့်ကိစ္စကို အီရန်က လက်မခံ ပယ်ချကာ ကန့်ကွက်ကြောင်း ဖော်ပြခဲ့သည်။ အမေရိကန်၏ အီရန်အပေါ် ခြိမ်းခြောက်ပြောကြားမှုသည် တရားဥပဒေနှင့် မညီညွတ်ကြောင်း၊ လက်ခံနိုင်စရာလည်း မရှိကြောင်း၊ အန္တရာယ်လည်းကြီးမားလှကြောင်း၊ ယင်းအပြုအမူသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အခြားနိုင်ငံစုံအဖွဲ့များကို မထီမဲ့မြင်ပြုသည်ကို ပြသရာရောက်ကြောင်း ဖော်ပြပါစာတွင်ပါရှိသည်။

ကုလသမဂ္ဂအနေဖြင့် ယင်းသို့သော စွပ်စွဲပြောကြားချက်များကို ပယ်ချရန် တာဝန်ရှိသည်ဟု အဆိုပါစာတွင် ရေးသားထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အီရန်နိုင်ငံ၏ နျူကလီးယားဆိုင်ရာ စက်ရုံတစ်ရုံကို မတ် ၂၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုဖြင့် အမေရိကန်တပ်ကြပ်ကြီးတစ်ဦး ထောင်ဒဏ်ချမှတ်ခံရ

ဝါရှင်တန် မတ် ၂၃

**အမေရိကန်ကြည်းတပ်မှ ခွေးလေ့ကျင့်သင်ကြားပေးသူ တပ်ကြပ်ကြီးတစ်ဦးကို ဘဂ္ဂဒက်ရှိ အဘူဂါရိပ်ထောင်မှ အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှုဖြင့် ထောင်ဒဏ်ခြောက်လ အပြစ်ပေးလိုက်ကြောင်း အမေရိကန်ကြည်းတပ်မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။**

၎င်းသည် အသက် (၂၄) နှစ်ရှိ တပ်ကြပ်ကြီး မိုက်ကယ်စမစ်ဆိုသူဖြစ်ပြီး ၎င်း၏ရာထူးကို တပ်ကြပ်ကြီး အဆင့်မှ ရိုးရိုးတပ်သားအဖြစ် အဆင့်သို့ လျှော့ချလိုက်သည်။ အဘူဂါရိပ်ထောင်မှ အကျဉ်းသားများကို ပါးချုပ်မစွပ်ဘဲထားသည့် ၎င်း၏ခွေးများဖြင့် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်အတွင်းက ခြိမ်းခြောက်ခဲ့မှုဖြင့် အမေရိကန်ဒေါ်လာ ၂၂၅၀ ဒဏ်ငွေ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ရောင်တီကယ်လီက ပြောကြားသည်။

၎င်းသည် ထောင်ဒဏ်ခံစားရပြီးသည့်နောက် နာမည်ဆိုးဖြင့် တပ်မှ ထုတ်ပယ်ခြင်းခံရမည် ဖြစ်သည်ဟု ကယ်လီက ဆက်လက်ပြောကြားသည်။

တပ်ကြပ်ကြီးစမစ်နှင့်အတူ အခြားအမေရိကန် တပ်ဖွဲ့ဝင်များသည်လည်း ဖော်ပြပါ အကျဉ်းသားများကို နှိပ်စက်မှုဖြင့် ထောင် ၁၀ နှစ်စီအထိ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။

***အမ်အင်အေ၊ရိုက်တာ။***



# အီရတ်နိုင်ငံ အနောက်ပိုင်းမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရ

**ဖလူးဂျာ(အီရတ်) မတ် ၂၂**

အီရတ်နိုင်ငံအနောက်ပိုင်းဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များ လမ်းဘေးဗုံးဖောက်ခွဲခံရပြီး စိန်ပြောင်းများဖြင့် အင်္ဂါနေ့က ပစ်ခတ်ခံရသဖြင့် ထိခိုက်သေဆုံးမှုများရှိခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် အနောက်မြောက်ပိုင်း ကီလိုမီတာ ၂၅၀ အကွာ ဟာဒီသာမြို့အနီး ဘာဝါနာမြို့ရှိ အထင်ကရလမ်းမပေါ်တွင် လမ်းဘေးဗုံးတစ်လုံး နံနက် ၆ နာရီ ၄၅ မိနစ်က ပေါက်ကွဲခဲ့သည်ဟု ဒေသခံများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမေရိကန်စစ်ဘက်မှ ကင်းလှည့်ယာဉ်တစ်စီးသည် အဆိုပါဒေသတွင် ဖြတ်သန်းမောင်းနှင်လာစဉ် လမ်းဘေးဗုံးဖောက်ခွဲခံခဲ့ရသဖြင့် အမေရိကန် ဟမ်းဗီးမော်တော်ယာဉ်တစ်စီး ပျက်စီးခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာသို့ အသွားအလာ ပိတ်ဆို့ထားခဲ့သည်ဟု ဆိုသည်။

ဟာဒီသာမြို့အနီး အယ်လ်-ဇာဝီယာကျေးရွာတွင် အမေရိကန်ကင်းလှည့်ယာဉ်တစ်စီးအနီး တနင်္လာနေ့က လမ်းဘေးဗုံးပေါက်ကွဲသဖြင့် ဟမ်းဗီးမော်တော်ယာဉ်တစ်စီး ပျက်စီးသွားခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များက ကျေးရွာကို ဝိုင်းပြီး အိမ်များကိုရှာဖွေကြပြီးနောက် အကြမ်းဖက်သမားဟု သင်္ကာမကင်းသူနှစ်ဦးကို ဖမ်းဆီးခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုနှစ်ခု ဖြစ်ပွားစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုရှိ၊ မရှိ သဲသဲကွဲကွဲ မသိရသေးပေ။ အခြားတိုက်ခိုက်မှုတစ်ခုအတွင်း ဖလူးဂျာမြို့၏ အရှေ့ပိုင်းဒေရှိ အမေရိကန်အခြေစိုက်စခန်း အပြင်ဘက်တွင် စိန်ပြောင်းကျည်သုံးလုံး ကျရောက် ပေါက်ကွဲခဲ့သေးသည်ဟု ဒေသခံများက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**မိုက်ကရိုဆော့ဖ်ကော်ပိုရေးရှင်းက ထုတ်လုပ်သည့် Xbox 360 ဗီဒီယိုဂိမ်းစက်ကို မတ် ၂၃ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



**ဒတ်ချ်ကွန်ပျူတာကုမ္ပဏီ အီဂိုမှ ထုတ်လုပ်သော အမျိုးသမီးသုံး လက်ကိုင်အိတ်ပုံသဏ္ဌာန် ခရီးဆောင် ကွန်ပျူတာများကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အီရန်နိုင်ငံသားခုနစ်ဦးကို အီရတ်တွင် ပြန်ပေးဆွဲ

**ကိုင်ရို မတ် ၂၂**

အီရတ်နိုင်ငံတွင် စစ်သွေးကြွများက အီရန်နိုင်ငံသားခုနစ်ဦးကို ပြန်ပေးဆွဲခဲ့ပြီး အီရန်၌ ထောင်ကျနေသည့် ၎င်းတို့၏ ရဲဘော်ရဲဘက်ငါးဦးကို လွှတ်ပေးခြင်းမပြုပါက သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ကြောင်း အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြားက အင်္ဂါနေ့တွင် ဖော်ပြလိုက်သည်။ အီရန်ကြည်းတပ်မတော် အီရန် ထောက်လှမ်းရေးတပ်ဖွဲ့များနှင့် လခြမ်းနီကြက်ခြေနီအဖွဲ့အစည်းတွင် လုပ်ကိုင်နေသည့် အီရန်နိုင်ငံသားခုနစ်ဦးကို စစ်သွေးကြွအုပ်စုတစ်စုက ပြန်ပေးဆွဲခဲ့သည်။

အဖမ်းခံဓားစာခံများမှာ လက်ထိတ်ခတ်ခံရပြီး ၎င်းတို့ကို မျက်နှာဖုံးစွပ်ထားသည့် စစ်သွေးကြွများက ဘေးမှ ဝိုင်းထားပုံနှင့် ဓားစာခံများ၏ စိစစ်ရေးကပ်ပြားများကို အဆိုပါရုပ်မြင်သံကြားက ပြသသွားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဆေးလိပ်မီးခိုးကြောင့် ဥရောပတွင် လူ ၇၉၅၀၀ ခန့် သေဆုံးဟုဆို

**ဘရပ်ဆယ် မတ် ၂၃**

ခန့်မှန်းခြေအားဖြင့် ဥရောပသမဂ္ဂ (အီးယူ)အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသူ၊ နိုင်ငံသား ၇၉၅၀၀ ခန့်သည် ဆေးလိပ်မသောက်ဘဲ ဆေးလိပ်ငွေ့ရှူရှိုက်နေရသည့်အတွက်ကြောင့် သေဆုံးခဲ့ရကြောင်း ဆေးလိပ်ဆန့်ကျင်ရေးလှုပ်ရှားမှုအုပ်စုတစ်စု၏ အစီရင်ခံစာအရ သိရှိရသည်။

အီးယူအဖွဲ့ဝင် နိုင်ငံများအတွင်း ပြည်သူများ စုရုံးရာနေရာများတွင် ဆေးလိပ်လုံးဝမသောက်ရန် ပိတ်ပင်မှုအပေါ် ထောက်ခံမှုတစ်ခဲနက်ရရှိခဲ့ပြီဖြစ်၍ ပြည့်စုံလုံလောက်မှုရှိသည့် ဆေးလိပ်မသောက်ရေး ဥပဒေများ အမြန်ဆုံးထုတ်ပြန်ရန် ဥရောပပါလီမန်သို့ တင်သွင်းသော ဆေးလိပ်အန္တရာယ်ဆိုင်ရာ အဆိုပါအစီရင်ခံစာတွင် တိုက်တွန်းထားသည်။

ဆေးလိပ်မသောက်ဘဲ ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းကြောင့် ပေါ်ပေါက်လာမည့် အန္တရာယ်များအကြောင်း သိရှိခဲ့သည်မှာ ၁၀ နှစ်ကျော်ရှိပြီဖြစ်ကြောင်း ကွင်းစတင်းတက္ကသိုလ်မှ ပါမောက္ခ ကွန်ရက်ဂျမ်ရိုဇစ်က ပြောကြားသည်။

ယင်းကဲ့သို့ ဆေးလိပ်အခိုးအငွေ့ကို တစ်ဆင့်ခံရှူရှိုက်ရသည့်အတွက်ကြောင့် ဆေးလိပ်မသောက်တတ်သူ လူကြီး ၁၉၀၀၀ ကျော် နှစ်စဉ်သေဆုံးနေကြကြောင်း၊ ၎င်းတို့အထဲတွင် နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ အဆုတ်ကင်ဆာရောဂါများဖြင့် သေဆုံးသူများပါဝင်ကြောင်း သိရသည်။ ထိုဦးရေသည် ဂျမ်ဘိုဂျက်လေယာဉ် အကြီးစားတစ်စင်းရက်သတ္တတစ်ပတ်လျှင် သယ်ဆောင်နိုင်သည့် လူဦးရေနှင့် ညီမျှကြောင်း ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

# စစ်မှန်သောမျိုးချစ်စိတ်ဓာတ်နှင့် မြင့်မြတ်သောမြန်မာ့တပ်မတော်

တက္ကသိုလ်တင်ခ

အခြားအခြားသော တပ်မတော်များနှင့်မတူ တစ်မူထူးခြားသော မြန်မာ့တပ်မတော်၏ မွန်မြတ်သော ဂုဏ်ဒြပ်ကို ဖော်ပြလိုပေသည်။ မြန်မာ့သမိုင်းစဉ်တရား၏ ထူးခြားသော လိုအပ်ချက်အရ ပေါ်ပေါက်ခဲ့ရသော မြန်မာ့တပ်မတော်ဖြစ်ပေသည်။ မြန်မာ့တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲရင်း အမျိုးသားလွတ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် အဓိကအခန်းမှ ပါဝင်ခဲ့ရပေသည်။ မြန်မာနိုင်ငံအတွက် သမိုင်းပေးလိုအပ်ချက်အရ ပေါ်ပေါက်ခဲ့ရသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သတ်မှတ်ရပေမည်။ ဤသည်မှာ မြန်မာ့တပ်မတော်၏ ထူးခြားမွန်မြတ်သော သဘောအဓိပ္ပာယ်ဖြစ်ပေသည်။

၁၉၄၅ ခုနှစ် မတ်လ (၂၇) ရက်နေ့တွင် တပ်မတော်သည် မြန်မာ့သမိုင်း မော်ကွန်းတင်ထားသည့် ထင်ရှားနေမည့် ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆင်နွှဲခဲ့ပေသည်။ ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်ဖ် စသဖြင့် အဆင့်ဆင့်ဖွဲ့စည်းလာခဲ့သည့် တပ်မတော်သည် စနစ်တကျဖွဲ့စည်းမှု၊ စနစ်တကျလေ့ကျင့်မှုနှင့် ပြည့်ဝလာပြီး ရန်သူကို ရင်ဆိုင်ယှဉ်ပြိုင်တိုက်ခိုက်နိုင်သော အဆင့်သို့ ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံ၏ တစ်မျိုးသားလုံးကို စည်းရုံး ကိုယ်စားပြုနိုင်သောအဆင့်တွင် ရပ်တည်ခဲ့ပေသည်။ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲသည့်အချိန်မှ စပြီး တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် အမျိုးသားတပ်မတော်အဖြစ် တိုးတက်ပြောင်းလဲရောက်ရှိခဲ့ပေသည်။

၁၉၉၅ ခုနှစ် မတ်လ (၂၇) ရက်နေ့ နှစ်(၅၀) ပြည့် ရွှေရတုတပ်မတော်နေ့၏ စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

**"ဒို့တပ်မတော်ဟာ နိုင်ငံတစ်နိုင်ငံမှာ ရှိလေ့ရှိထ သာမန်တပ်မတော်မျိုးမဟုတ်ဘဲ အဲဒီလိုသမိုင်းအစဉ်အလာကောင်း (၁၂)ချက်နဲ့ ပြည့်စုံတဲ့ တပ်မတော်ဆိုတာ ရဲဘော်တို့ အထူးသတိထားဖို့လိုလိမ့်မယ်"** ဟူ၍ လမ်းညွှန် မိန့်ကြားခဲ့ပေသည်။ မျိုးချစ်တပ်မတော်၊ စည်းကမ်းကောင်းသည့် တပ်မတော်၊ သစ္စာရှိသည့် တပ်မတော်၊ စည်းလုံးညီညွတ်သည့် တပ်မတော်၊ စွမ်းရည်ရှိသည့် တပ်မတော်၊ စွန့်လွှတ်စွန့်စားသည့် တပ်မတော်၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားသည့် တပ်မတော်၊ စိတ်ဓာတ်မြင့်မြတ်သည့် တပ်မတော်၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်ပြီး စွမ်းရည် သတ္တိရှိသည့် တပ်မတော်၊ အပင်ပန်းအဆင်းရဲခံနိုင်သည့် တပ်မတော်၊ ခွဲ၊ လုံ့လ၊ ဝီရိယရှိသည့် တပ်မတော်၊ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်သည့် တပ်မတော်ဟူသည့် အစဉ်အလာကောင်း (၁၂)ရပ်နှင့် ပြည့်စုံသည့် တပ်မတော်ဖြစ်သည်။

တပ်မတော်သည် မျိုးချစ်စိတ်ဓာတ်အရင်းခံပြီး ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်။ လစာ၊ ရိက္ခာ စသည့် မည်သည့်အခွင့်အရေးကိုမျှ မမျှော်မှန်းခဲ့ဘဲ နိုင်ငံတော်ကို အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်မတော်ဖြစ်သည်။ မျိုးချစ်တပ်မတော်ဆိုသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေးလှူ၍ မည်သူ့ တိုက်တွန်းမှုကိုမျှမစောင့်ဘဲ စွန့်လွှတ်စွန့်စားကာကွယ်စောင့်ရှောက်သည့် တပ်မတော်ပင်ဖြစ်သည်။

တပ်မတော်သည် စည်းကမ်းကောင်းသည့် တပ်မတော်ဖြစ်သည်။ စစ်စည်းကမ်းကောင်းမွန်ရေးဆိုသည်မှာ တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ပင်ဖြစ်သည်။ စစ်စည်းကမ်းကောင်းမွန်မှသာ ပြည်သူလူထုက ယုံကြည်အားထားခြင်းခံရသည့် တပ်မတော်ဖြစ်ပေမည်။ တပ်မတော်တည်ထောင်ချိန်မှ စတင်ပြီး ယနေ့အထိ စည်းကမ်းလိုက်နာ စောင့်ထိန်းမှုကောင်းခဲ့၍လည်း တပ်မတော်သည် ယခုကဲ့သို့ ခိုင်ခိုင်မာမာရပ်တည်နေနိုင်ခြင်းပင် ဖြစ်သည်။



## တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်

တပ်မတော်သည် လွတ်လပ်ရေးကို ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ရယူပေးနိုင်သည့်အပြင် ပြည်ပကျူးကျော်မှုများကိုလည်း စစ်ဆင်ရေးကြီးများ ဆင်နွှဲပြီး အမိမြေပေါ်က တွန်းလှန်တိုက်ထုတ်နိုင်ခဲ့ပေသည်။ ထို့အပြင် နယ်ချဲ့၏ စနက်ကြောင့် ပြည်တွင်း မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့သည်ကို နယ်စပ်ဒေသပါမကျန် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။

၂၀၀၀ ပြည့်နှစ် မတ်လ ၂၇ ရက် (၅၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းတွင် ပြည်ထောင်စုစိတ်ဓာတ်နှင့် ပတ်သက်၍ ဤကဲ့သို့ လမ်းညွှန်မိန့်ကြားခဲ့ပေသည်–

**"ဒို့တပ်မတော်အတွင်းမှာ တိုင်းရင်းသားပေါင်းစုံဟာ တစ်ယောက်ကိုတစ်ယောက် အသက်ပေးပြီး ရဲဘော်စိတ်နှင့် နှစ်ရှည်လများ လက်တွဲထမ်းဆောင်ခဲ့ကြတယ်။ တိုင်းရင်းသား တပ်မတော်သားအချင်းချင်း တစ်ဦးအပေါ် တစ်ဦးထားရှိတဲ့ မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားတွေဟာ တပ်မတော်အတွင်းက ခိုင်မာတဲ့ပြည်ထောင်စုစိတ်ဓာတ်တွေပဲဖြစ်တယ်။ နိုင်ငံတစ်ဝန်းလုံးမှာလည်း ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်အောင် ကြိုးပမ်းဆောင်ရွက်ပေးရမှာ ဖြစ်တယ်"**

တပ်မတော်သည် ကြေးစားတပ်မတော်မဟုတ်ပေ။ နိုင်ငံနှင့် လူမျိုး၏အကျိုးစီးပွားအတွက် အမြဲဦးထိပ်ပန်ဆင်နေသည့် မျိုးချစ်တပ်မတော်ဖြစ်သည်နှင့်အညီ တပ်မတော်သားများသည် ယုံကြည်ချက်၊ ခံယူချက်ခိုင်မြဲနေကြရန် အမြဲလေ့ကျင့်ပျိုးထောင်လျက်ရှိကြသည်။ တပ်မတော်သားများ၏ ယုံကြည်ချက်၊ ခံယူချက်သည် အမျိုးသားရေး ခံယူချက်ဖြစ်သည့်–

- **ပြည်ထောင်စုမပြိုကွဲရေး**
- **တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊**
- **အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး**

ဟူသော ဒို့တာဝန်အရေးသုံးပါးပင် ဖြစ်ပေသည်။ ပြည်ထောင်စု မပြိုကွဲရန်အတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိမှဖြစ်မည်။ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရန်ဆိုသည်မှာလည်း ပြည်ထောင်စုကြီးမပြိုကွဲမှ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုပြီး ဆက်စပ်ဖြစ်ပေါ်စေသည့် အကြောင်းအကျိုးတရားများပင် ဖြစ်ပေသည်။ အရေးအကြီးဆုံးမှာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေးပင်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးအသီးသီးပေါင်းစုဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ်မရှိလျှင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပြီး လွတ်လပ်ရေးနှင့် အချုပ် အခြာအာဏာဆုံးရှုံးသွားနိုင်ပေသည်။ ထို့အပြင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခု တည်ဆောက်ရန် မဖြစ်နိုင်တော့ပေ။ ပြည်ထောင်စုစိတ်ဓာတ်၏ တန်ဖိုးသည် နှိုင်းဆမရအောင် ကြီးမားသည်ကို တွေ့ရပေမည်။

တပ်မတော်၏ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်သည် ဆက်စပ်လျက်ရှိနေပေသည်။

- **ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။**
- **ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်။ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။**

တပ်မတော်၏ အဓိကတာဝန်ကြီးသုံးရပ်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်ရေး တာဝန်တို့ပင်ဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နိုင်ရန် လိုအပ်သည့်အရည်အသွေးများကို လေ့ကျင့်ရေးဖြင့် တည်ဆောက်ရယူရမည်ဖြစ်ပေသည်။ ထို့အပြင် ရောက်ရာဒေသ၊ ကျရာကဏ္ဍတွင် ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်ကြရမည်။ သို့မှသာ ပြည်သူလူထု၏ အားကိုးယုံကြည်မှုကို ရရှိမည်ဖြစ်သည့်အပြင် မျိုးချစ်တပ်မတော်ဆိုသည့် မိမိတို့၏ တပ်မတော်အစဉ်အလာကိုလည်း ဆက်လက်ထိန်းသိမ်းပြီးသားဖြစ်ပေလိမ့်မည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၁)နှင့် (၄၂)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား၌ မိန့်ခွန်းမြွက်ကြားရာတွင်–

**"မိမိတို့တပ်မတော်သည် စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်ဖြစ်ကြောင်း၊ မြင့်မြတ်သည်ဆိုသည်မှာ သာမန်ထက်ထူးကဲသာလွန်သော စိတ်ဓာတ်အဆင့်အတန်းကိုပြောခြင်းပင်ဖြစ်ကြောင်း၊ မြင့်မြတ်ခြင်းဆိုသည်မှာ ချမ်းသာခြင်း၊ ပညာတတ်ခြင်း၊ မိဘမျိုးရိုးကောင်းမွန်ခြင်းတို့နှင့်မဆိုင်ဘဲ ကိုယ်ကျင့်တရားကောင်းခြင်း၊ စင်ကြယ်ခြင်းတို့ကြောင့်ပင်ဖြစ်ပေါ်လာသည့် ဂုဏ်ကျက်သရေပင်ဖြစ်ကြောင်း"** လမ်းညွှန်မိန့်ကြားခဲ့ပေသည်။

မြန်မာ့တပ်မတော်သည် အခြားမည်သည့် တပ်မတော်တို့နှင့်မျှမတူ တစ်မူထူးခြားသော အစဉ်အလာ ဂုဏ်ဒြပ်ရှိနေပေသည်။ တပ်မတော်သည် ချို့တဲ့မှု၊ ဆင်းရဲပင်ပန်းမှုအခက်အခဲအမျိုးမျိုးကြားမှ နိုင်ငံတော်၏ လွတ်လပ်ရေးကိုရရှိအောင် ကြိုးပမ်းထမ်းဆောင်ခဲ့သည့် အဖွဲ့အစည်းဖြစ်သည်ဆိုသော အချက်ကို ကမ္ဘာ့နိုင်ငံ အသီးသီးက အသိအမှတ်ပြုထားကြပေသည်။ ဤအစဉ်အလာသည် တမင်တကာ ဖန်တီးရယူနိုင်သော သဘော ဂုဏ်ရည်မျိုးမဟုတ်ပေ။ ကမ္ဘာ့သမိုင်းတွင် ပေါ်လွင်ထင်ရှားနေသော မြန်မာ့တပ်မတော်၏ ထူးခြားမွန်မြတ်သော ဂုဏ်ဒြပ်ပင်ဖြစ်ပေသည်။

သမိုင်းကြောင်း ကောင်းခဲ့သော တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ပြည်သူ့ဘက်မှသာ ရပ်တည်ခဲ့ပေသည်။ နိုင်ငံတော်မှာ အန္တရာယ်တွေ့ကြုံတိုင်း တပ်မတော်က ဦးဆွေးဆံမြည့် အသက်စွန့်ကာ ယင်းအန္တရာယ်အသွယ်သွယ်ကို ကာကွယ်တွန်းလှန်ပေးနိုင်ခဲ့ပေသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများမှ ပေါက်ဖွားလာသော တပ်မတော်သည် နိုင်ငံတော်၏ အမျိုးသားရေးသမိုင်းကြောင်းနှင့် ထက်ကြပ်မကွာ ဖြစ်တည်ရှင်သန်လျက်ရှိပေသည်။

တပ်မတော်သည် ပြည်သူမှပေါက်ဖွားခဲ့ပြီး ပြည်သူလူထု၏ အသက်၊ အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရင်း ပြည်သူလူထုနှင့်အတူ အမျိုးသားနိုင်ငံရေးတာဝန်ကို ကျေပွန်စွာ ထာဝစဉ် ထမ်းဆောင်နေသည့် ပြည်သူ့တပ်မတော်ပင် ဖြစ်ပေသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် နိုင်ငံတော်တည်ဆောက်ရေး တာဝန်ကို ထမ်းဆောင်ကြရာတွင်–

**"အင်တိုက်အားတိုက် ပါဝင်ထမ်းဆောင်ကြ၊ နိုင်ငံတော်ကြီးကို အသက်ပေးကာကွယ်ကြ၊ ဒို့တာဝန်အရေးသုံးပါးကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ကြ၊ ရဲသော်မသေ သေသော်ငရဲမလားဆိုသော စိတ်ဓာတ်နဲ့ တပ်မတော်ရဲ့ အစဉ်အလာ (၁၂)ရပ်ကို စောင့်ထိန်းကြ"** ဟူ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ (၅၆)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမြွက်ကြားချက်ကို ဦးလည်မသုန်လိုက်နာရင်း နိုင်ငံတော်နှင့် ပြည်သူအားကိုးရသည့် တပ်မတော်အဖြစ် ထာဝစဉ် ရပ်တည်သွားမည်ဟု အလေးအနက်ယုံကြည်ထားပေသည်။

သမိုင်းခေတ်အဆက်ဆက် ပြည်သူလူထု၏ ရှေ့မှမားမားမတ်မတ် ရပ်တည်ကာကွယ်စောင့်ရှောက်ခဲ့ပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ခဲ့သည့် မျိုးချစ်တပ်မတော်သည် ယနေ့ကာလတွင်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် နိုင်ငံတော် တည်ဆောက်ရေးတာဝန်များကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲထမ်းဆောင်ရင်း နိုင်ငံတော်၏ အကျိုးစီးပွားကို စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက်လျက်ရှိနေရာ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်နှင့် မြင့်မြတ်သော တပ်မတော်ဟူ၍ ဂုဏ်ပြု ဖော်ပြအပ်ပေသည်။ ။

# ကလောမြို့ ဓမ္မရောင်ခြည် မဟာစည်သာသနာ့ရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၄

ကလောမြို့၊ ဓမ္မရောင်ခြည်မဟာစည်သာသနာ့ရိပ်သာတွင် ဒုတိယအကြိမ်မြောက် လူငယ်များ ယဉ်ကျေးမှုသင်တန်းတရားစခန်းကို မတ် ၂၉ရက်မှ ဧပြီ ၇ရက်အထိလည်းကောင်း၊ အကြိမ် (၂၀)မြောက် လူကြီးတရားစခန်းကို ဧပြီ ၁၀ရက်မှ ၂၄ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းတွင် မဟာစည်ဆရာတော်ကြီး၏ ဉပနိဿယကိုခံယူလျက် ရန်ကုန်မဟာစည်ရိပ်သာကြီးမှ ကမ္မဋ္ဌာနာစရိယ ဆရာတော်များဖြစ်သည့် ဆရာတော် ဦးစန္ဒရ၊ ဆရာတော်ဦးဝိလာသနှင့် ဆရာတော် ဦးနန္ဒသာရတို့က တရားတော်များ ဟောကြားပြသသွားမည်ဖြစ်သည်။

လူငယ်တရားစခန်းဝင်လိုသူများသည် မတ် ၂၆ရက်နောက်ဆုံးထား၍လည်းကောင်း၊ လူကြီးတရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၈ရက် နောက်ဆုံးထား၍လည်းကောင်း စာရင်းပေးသွင်းကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့် ဆေးဝါးများ လှူဒါန်းလိုသော အလှူရှင်များသည် ဓမ္မရောင်ခြည် မဟာစည်သာသနာ့ရိပ်သာ (၃)ရပ်ကွက် ကလောမြို့ဖုန်း–၀၈၁–၅၀၁၃၂၊ တော်ဝင်ပုံနှိပ်တိုက် (၅)ရပ်ကွက်၊ ကလောမြို့ ဒေါ်နုနု(နုရတနာရွှေဆိုင်) (၄)ရပ်ကွက် ကလောမြို့၊ဦးမျိုးထွန်း(ပြည့်စုံစတိုး) (၃)ရပ်ကွက် အောင်ပန်းမြို့၊ ဆရာမဒေါ်တင်တင်နွယ် (၁)ရပ်ကွက် အောင်ပန်းမြို့၊ ဦးမောင်မောင်(မိုးမိတ္တူ) (၁)ရပ်ကွက်အောင်ပန်းမြို့တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)



# မလေးရှားနိုင်ငံခြားရေးဝန်ကြီး ပြန်လည်ထွက်ခွာ ဝန်ကြီး ဦးဉာဏ်ဝင်း ပို့ဆောင်နှုတ်ဆက်

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dato' Seri Syed Hamid Albar ဦးဆောင်သည့် မလေးရှားကိုယ်စားလှယ် အဖွဲ့သည် ယနေ့ ညနေ ၄ နာရီ မိနစ် ၄၀တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော်မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး မစ္စတာမိုဟာမက်ဆွမ်နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**(အပေါ်ပုံ)** (သတင်းစဉ်)

# ဒို့တပ်မတော်

☆ သက်တမ်းခြောက်ဆယ့်တစ်၊ ဖြစ်ရပ်စုံစုံ
တွေ့ကြုံခဲ့လျက်၊ ပေးဆက်အသက်
မငဲ့ကွက်ဘဲ၊ ရင့်ကျက်တည်ကြည်
ကျေနပ်ပီတိ၊ တိကျပြတ်သား
သဘောထားမြင့်မြတ် ဒို့တပ်မတော်။

☆ သွေးချင်းညီနောင်၊ ဖွဲ့တည်ထောင်သည့်
ဇာတိမာန်အလှ၊
အားမာန်ကြွ၍၊ မြန်မာ့လွတ်လမ်း
ကြိုးပမ်းရာမှ၊ ကလလရေကြည်
တည်ခဲ့စင်စစ်၊
မျိုးချစ်စိတ်ထင်ဟပ် ဒို့တပ်မတော်။

☆ ခုနှစ်သက္ကရာဇ်၊ တစ် ကိုး လေး ငါး
လ ကားနွေဦး၊ မတ်လထူးမွန်
နှစ်ဆယ့်ခွန်တွင်၊ လူရှင် မနှစ်မြို့
ဖက်ဆစ်တို့ရန်
တွန်းလှန်အမြစ်ဖြတ် ဒို့တပ်မတော်။

☆ ဖောက်ပြန်ပုဆိန်ရိုး၊ ကိုယ်ကျိုးရှာသမား
ဖယ်ရှားရန်ကာ၊ ပြည်ရွာအကျိုး
စဉ်သယ်ပိုးခဲ့၊ ကိုယ်ကျိုးမမျှော်
တပ်မတော်သည်
သက်တမ်းကမ္ဘာတိုင် ရှည်စေသတည်း။ ။

**(၆၁)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက် . . .**

**ဟိန်းထက်ဟိန်း(လယ်ဝေး)**

# စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၄




စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ယာပုံ)**

အဆိုပါဂျာနယ်တွင် တက္ကသိုလ်မြတ်သူ၊ သျှင်ပညာဇောတ၊ ဒေါက်တာရင်ရင်သန်း၊ မောင်စံဖြူ၊ ဖိုးထွေး (စိုက်ပျိုးရေး)၊ ခေတ္တရာဆရာကျော်၊ မရွှေမုံ၊ ဇေယျာအောင်၊ တက္ကသိုလ်သခ်၊ ရွှေဘိုဘာမထီခင်အောင်၊ သူရိန်ဝင်း (ဓိကုန်း)၊ မောင်ကျန်းမာ(မကြီးကုန်းကြီး)၊ လေးဝတီကျော်၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ အောင်စိုး (တိ/ကုဆရာဝန်)အမျိုးသားစာပေဆုရ၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ ဒေါ်ဝေလင်း၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ မောင်ယင်းမာ(ရိုးပြတ်တော)၊ စောဟူးဟူး(ဒီမောဆို)၊ ဇေယျမြေ ယဉ်မွေး၊ ကြက်ခြေနီကြည်ကြည် တို့၏ သုတ၊ ရသဆောင်းပါးများ၊ ဝတ္ထုတို ကဏ္ဍ၊ မောင်ခိုင်ကျော်(ကျောက်ဆည်)၊ ကြည်ထွန်း(မြိတ်) တို့၏ ကဗျာများ၊ ရုပ်ရှင်/ဗီဒီယိုအညွှန်း၊ မောင်မောင်ညှက်၏ ကာတွန်း၊ ဆြာစန်း၏ ဗေဒင်ကဏ္ဍ၊ အင်္ဂလိပ်စကားပြောသင်ခန်းစာတို့ဖြင့် စုံလင်စွာဖော်ပြပါရှိသည်။

(သတင်းစဉ်)

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ ဆေးရုံကြီးများသို့ လှူနာသုံး ဘီးတပ်ကုလားထိုင်များ လှူဒါန်း

ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးနှင့် ကြည့်မြင်တိုင်အရိုးအထူးကုဆေးရုံကြီးများသို့ လူနာသုံး ဘီးတပ်ကုလားထိုင်များ လှူဒါန်းပွဲကို မတ် ၂၂ရက်က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင်ကျင်းပရာဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဉက္ကဋ္ဌ ဦးကိုကိုကြီး(အငြိမ်းစား သံအမတ်ကြီး)၊အတွင်းရေးမှူးဦးမောင်မောင်နှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လှူဒါန်းရခြင်းအကြောင်းကို ဇီဝိတဒါနသံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့က ရှင်းလင်းပြောကြားပြီး ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသို့ လူနာသုံး ဘီးတပ်ကုလားထိုင်ငါးစီး လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်ကလည်းကောင်း၊ ကြည့်မြင်တိုင် အရိုးအထူးကုဆေးရုံကြီးသို့ လူနာသုံး ဘီးတပ်ကုလားထိုင်ငါးစီး လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးညွန့်လှိုင်ကလည်းကောင်း လက်ခံရယူကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။



**(ဝဲပုံ)** (က–ပ)

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၈၉ တွဲ ရောင်းချရ

ရန်ကုန် မတ် ၂၄

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့နံနက် ၉ နာရီမှ စတင်၍ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ညနေ ၄နာရီတွင် ကျောက်စိမ်းအတွဲပေါင်း ၈၉ တွဲကို ပြည်တွင်းပြည်ပရတနာကုန်သည်များကဝယ်ယူကြသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံပေါင်း၁၆နိုင်ငံ၊ ကုမ္ပဏီ ၄၂၃ခုမှ ရတနာကုန်သည်၁၄၈၄ ဦးနှင့် ပြည်တွင်းကုမ္ပဏီ၃၅၆ခုမှ နိုင်ငံသားရတနာကုန်သည် ၈၉၆ ဦး စုစုပေါင်း ရတနာကုန်သည် ၂၃၈၀ တက်ရောက်ဝယ်ယူကြသည်။

ယနေ့ကျင်းပသော (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြပွဲဗဟိုကော်မတီဉက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း လာရောက်ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

# ၁၀ ရက် တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၌ ဓမ္မကထိကဗဟုဇနဟိတဓရဆရာတော် ဦးသိရိဓမ္မ (ဘီအေ–ပါဠိဂုဏ်ထူး) (အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာ)နှင့် ပြည့်စုံအေး မဟာစည်သာသနာ့ရိပ်သာနာယက ဆရာတော်ဦးသုဇာတတို့က ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ၁၀ရက် တရားစခန်း ပြသမည်ဖြစ်သည်။ ယောဂီ ၁၀၀ သာ လက်ခံမည်ဖြစ်ပါ၍ ဧပြီ ၅ရက် နောက်ဆုံးထား၍ ကျိုက္ကဆံ–ဆံတော်ရှင် စေတီတော် ဂေါပကရုံးသို့ စာရင်းပေးသွင်းနိုင်ကြသည်။

(က–ပ)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၅–၃–၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ | **ဆရာတော်ဦးဃောသိတ တရားတော် –သောတ္တာနုဂ္ဂတ္တသုတ်** |
| ၉:၁၀ | ၁၀။ | အပိတ်နှုတ်ဆက်စကား |
| ၉:၁၁ | ၁၁။ | ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၁၅ | ၄။ | ကျန်းမာသုတ |
| ၁၂:၃၅ | ၅။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂:၅၀ | ၆။ | **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "ချစ်သူတစ်ယောက်နှင့်လီမွှော်ရည် တစ်ခွက်" (အပိုင်း–၁)** |
| ၁:၅၅ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁:၅၉ | ၈။ | အပိတ်နှုတ်ဆက်စကား |
| ၂:၀၀ | ၉။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄:၃၀ | ၄။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄:၄၅ | ၅။ | မျိုးချစ်တပ်မတော် |
| ၅:၁၅ | ၆။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅:၃၀ | ၇။ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၅:၅၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၄၀ | ၁၃။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း–၂၄)** |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | **(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် –သားကောင်းမိခင် (အပိုင်း–၃)** |
| | ၁၉။ | သင့်အတွက်မနက်ဖြန် |
| | ၂၀။ | အပိတ်နှုတ်ဆက်စကား |
| | ၂၁။ | ပြီးပါပြီ။ |

✡ **ရှေ့ဖုံးမှ**

၁။ ဤဥပဒေကို ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက်မှ စ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ထ) အခြေပစ္စည်းဆိုသည်မှာ မြေ၊ အဆောက်အအုံ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် အစုရှယ်ယာနှင့် ကတိဝန်ခံချုပ်တို့အပြင် ယင်းတို့ကဲ့သို့သော အလားတူ စာချုပ်စာတမ်းများလည်း ပါဝင်သည်။"

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၄။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အစိုးရအဖွဲ့ ၏ သဘောတူညီချက်ဖြင့်–

(က) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည်–

(၁) ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊

(၂) ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊

(၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း။

(ခ) ပုဒ်မခွဲ(က)အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာတွင်–

(၁) စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်။

(၂) အဆိုပါ စတင် အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်နှင့် သက်ဆိုင်သည့် ဝင်ငွေနှစ်အတွင်း ရရှိသော စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိသူ အားလုံးအား ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် သတ်မှတ်သည့်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်စေရမည်။"

၅။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၆။ (က) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အောက်ပါခွင့်ပြုငွေတို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည်–

(၁) ပုဂ္ဂိုလ်စုအတွက် အခြေခံခွင့်ပြုငွေ၊

(၂) တစ်ဦးချင်းပုဂ္ဂိုလ်အတွက် အခြေခံ ခွင့်ပြုငွေနှင့် အခွန်ထမ်း၏ အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် ခွင့်ပြုငွေ။

(ခ) ပုဒ်မခွဲ(က)အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာတွင် စတင် အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်။

(ဂ) စုစုပေါင်းဝင်ငွေမှ အောက်ပါတို့ကို နုတ်ပယ် ၍ ကျန်ငွေအပေါ်တွင် အခွန်တွက်ချက်ပြီး စည်းကြပ်ရမည်–

(၁) ပုဂ္ဂိုလ်စုအတွက်ဖြစ်လျှင် အခြေခံခွင့်ပြုငွေ၊

(၂) တစ်ဦးချင်းပုဂ္ဂိုလ်အတွက်ဖြစ်လျှင်–

(ကက) အခြေခံခွင့်ပြုငွေ

(ခခ) အခွန်ထမ်း၏ အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် ခွင့်ပြုငွေ

(ဂဂ) အခွန်ထမ်း သို့မဟုတ် အိမ်ထောင်ဖက်၏ အသက်အာမခံအတွက် ပေးရသော ပရီမီယံ

(ဃဃ) နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့် ငွေ စုဆောင်းခြင်းအတွက် ထည့်ဝင်ငွေ။

**ခြွင်းချက်။** ပုဒ်မခွဲ(က)နှင့် (ဂ)တို့သည် ပုဒ်မ ၁၃ အရ အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် တွက်ချက်ခြင်းနှင့်သော်လည်းကောင်း၊ ပုဒ်မ ၂၆ ပါ ပြည်ပနေနိုင်ငံခြားသားနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ။

(ဃ) ပုဒ်မခွဲ (ဂ) အရ တွက်ချက်ပြီး စည်းကြပ်ရာတွင် နိုင်ငံတော် အဖွဲ့အစည်းအဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ယင်းကိစ္စများနှင့် သက်ဆိုင်သည့် ရန်ပုံငွေ တစ်ရပ်ရပ်သို့ဖြစ်စေ လှူဒါန်းထည့်ဝင်ငွေကိုလည်း နုတ်ပယ်ရမည်။ ယင်းသို့ လှူဒါန်းထည့်ဝင်ငွေသည် အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းနှင့်ညီမျှသောငွေထက် မပိုစေရ။

**ရှင်းလင်းချက်။** ပုဒ်မခွဲ(ဃ) ပါ ကုသိုလ်ရေးဆိုရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် ဆင်းရဲနွမ်းပါးသူများအား ကယ်ဆယ်စောင့်ရှောက်ရေး စသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။

၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)၏နောက်တွင် အောက်ဖော်ပြပါ ရှင်းလင်းချက်ကို ဖြည့်စွက်ရမည်–

**ရှင်းလင်းချက်။** ဤပုဒ်မခွဲ(က)ပါ လိမ်လည်လိုသော ရည်ရွယ်ချက်ဆိုသည့် စကားရပ်တွင် အောက်ပါတို့လည်း ပါဝင်သည်–

(၁) စည်းကြပ်ထိုက်သည့် ဝင်ငွေရရှိသည်ကို သိရှိပါလျက် ထိုဝင်ငွေနှင့်စပ်လျဉ်း၍ ဝင်ငွေကြေညာလွှာ တင်သွင်းရန် ပျက်ကွက်ခြင်း၊

(၂) ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးများက ဝင်ငွေကြေညာလွှာ၊ အရှုံးအမြတ်စာရင်းအပါအဝင် စာရင်းဇယားများ၊စာရွက်စာတမ်းအထောက်အထားများကို စာဖြင့်တောင်းခံသည့်အခါ ယင်းသို့ တောင်းခံစာတွင်သတ်မှတ်ထားသည့် အချိန်အတွင်းဖြစ်စေ၊ တိုးမြှင့်ပေးထားသည့် အချိန်အတွင်းဖြစ်စေ ပေးပို့ရန် ပျက်ကွက်ခြင်း သို့မဟုတ် မမှန်ကန်သော စာရင်းများ၊ စာချုပ်စာတမ်းနှင့် အခြားစာရွက်စာတမ်းများကို တင်ပြခြင်း။"

**(ပုံ) သန်းရွှေ**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

☆ **နိုင်ငံတော်မှ**

၂။ ဤဥပဒေသည် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၆။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်–

(က) အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကို ဖြစ်စေ၊ အခွန်နှုန်းကိုဖြစ်စေ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင် စတင် အကျိုးသက်ရောက်စေရမည့် နေ့ရက်ကိုဖြစ်စေ၊ ဘဏ္ဍာရေးနှစ်ကိုဖြစ်စေ၊ စည်းကြပ်နှစ်ကိုဖြစ်စေ သတ်မှတ်ပေးရမည်။"

၄။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၇။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍–

(က) ဤဥပဒေ၏ နောက်ဆက်တွဲဇယား ၁ မှ ဇယား ၆ အထိတွင် ပါရှိသော ကုန်စည်တစ်မျိုးမျိုးကို နိုင်ငံတော်အတွင်း ထုတ်လုပ်ပြီး ရောင်းချခြင်းနှင့် ဇယား ၇ တွင် ပါရှိသော ဝန်ဆောင်မှုတစ်ရပ်ရပ် ဆောင်ရွက်ခြင်းတို့အတွက် နိုင်ငံခြားငွေရရှိလျှင် ယင်းနိုင်ငံခြားငွေအပေါ် ကျသင့်စေရမည့် အခွန်နှုန်းကို သတ်မှတ်နိုင်သည်။

(ခ) နယ်စပ်ကုန်သွယ်မှုတွင် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များ ကုန်းပေါ်ရောက် တန်ဖိုးအပေါ် သွင်းကုန်တင်သွင်းစဉ်က ကျပ်ငွေဖြင့် ပေးချေခဲ့လျှင် ကျပ်ငွေဖြင့် လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် ပေးချေခဲ့လျှင် ယင်းနိုင်ငံခြားငွေဖြင့် လည်းကောင်း ကျသင့်စေရမည့် အခွန်နှုန်းကို သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)နှင့် (ခ)တို့အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာတွင် စတင် အကျိုးသက်ရောက်စေရမည့် နေ့ရက်ကိုဖြစ်စေ၊ ဘဏ္ဍာရေးနှစ်ကိုဖြစ်စေ၊ စည်းကြပ်နှစ်ကိုဖြစ်စေ သတ်မှတ်ပေးရမည်။"

**(ပုံ) သန်းရွှေ**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်အိမ်ရာနေ ဒေါ်ခင်ဝင်းကြည်၊ သား မောင်ခွန်ထက် မိသားစုက ငွေကျပ် ၁၆၀၀၀၀ကို ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) ရှေ့မှောက်၌ ဥက္ကဋ္ဌ ဦးရိုန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

# အဆင့်မြင့်တန်း ကွင်းပိတ်ဘောလုံးပွဲ မြို့တော်စည်ပင်အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မတ် ၂၄**

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီ ၄၅မိနစ်က အောင်ဆန်းကွင်းတွင် ဆက်လက် ကျင်းပရာ မြို့တော်စည်ပင်အသင်းက ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**မြို့တော်စည်ပင်အသင်း**
**လေးဂိုး။**
(အောင်မြင့်အေး၊ အောင်ဇော်မျိုး၊ ဇော်ဇော်နှင့် ဇော်နိုင်ထွန်း တစ်ဂိုးစီ)

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်း**
**ဂိုးမရှိ။**
**ဒိုင်လူကြီး စိုးမိုးကျော်။**

အဆင့်မြင့်တန်း ထိပ်တန်းအသင်းဖြစ်သည့် မြို့တော်စည်ပင်အသင်းက အဆင့်မြင့်တန်းသို့ ပထမဦးဆုံးအကြိမ် ရောက်ရှိလာသည့် ဆက်/စာ/ကြေးအသင်းကို အခက်အခဲမရှိ ခြေအသာ၊ ဂိုးအသာဖြင့် အနိုင်ရရှိသွားသော ပွဲဖြစ်သည်။ တန်းတက် ဆက်/စာ/ကြေးအသင်းမှာ စည်ပင်အသင်းနှင့် ကြိုးစားအားထုတ်မှုချင်း မကွာသော်လည်း အဆင့်မြင့်တန်းပွဲ အတွေ့အကြုံ၊ ပညာ၊ သမ္မာတို့က ပွဲချိန်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်းကွာဟလာပြီး ဂိုးများဆက်တိုက်ပေးရကာ အဆင့်မြင့်တန်း ပွဲဦးထွက်၌ ရှုံးသွားရသည်။

ပွဲအစပိုင်း၌သာ ဆက်/စာ/ကြေးအသင်း ခြေရည်တူ ကစားနိုင်ခဲ့ပြီး နောက်ပိုင်းတွင် မြို့တော်စည်ပင်အသင်းက ခြေအသာဖြင့် တစ်ဖက်သတ်နီးပါး ဖိကစားသွားသည်။ ကွင်းလယ်မှ အသင်းခေါင်းဆောင် တင့်နိုင်ထွန်းသိန်းနှင့် ညွန့်ဝင်းတို့၏ ဖန်တီးပေးမှု၊ ရှေ့တန်းမှ ဇော်ဇော်နှင့် အောင်မြင့်အေးတို့၏ ထိုးဖောက်မှုများကြောင့် ဆက်/စာ/ကြေးအသင်း နောက်တန်း ပေါက်ထွက်ခဲ့ရသည်။ မြို့တော်စည်ပင်အတွက်အဖွင့်ဂိုးကို လေးမိနစ်တွင် ညွန့်ဝင်းဖြတ်ပို့သော ဘောလုံးကို အောင်မြင့်အေးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဆက်တိုက်ဆိုသလို စည်ပင်က ဖိကစားသွားပြီး ၁၀မိနစ်တွင် အောင်ဇော်မျိုးက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းပြီး ဒုတိယဂိုးကိုလည်းကောင်း၊ ၂၈မိနစ်တွင် ညွန့်ဝင်းဖြတ်ပို့သော ဘောလုံးကို ဇော်ဇော်က ပြေးပိတ်ပြီး တတိယဂိုးကိုလည်းကောင်း သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် စည်ပင်က သုံးဂိုးပြတ် အနိုင်ရနေသည်။

ဒုတိယပိုင်းတွင်လည်း မြို့တော်စည်ပင်အသင်းက တစ်ဖက်သတ်နီးပါး ဖိကစားသွားသည်။ စည်ပင်အတွက် စတုတ္ထနှင့် ပွဲသိမ်းဂိုးကို လေလွင့်ချိန်များအတွက် ထပ်ဆောင်းဖြည့်ပေးချိန်နှစ်မိနစ်တွင် ဇော်နိုင်ထွန်းက သွင်းယူခဲ့သည်။

မြို့တော်စည်ပင်အသင်းသည် ပထမအဆင့် ရှုံး/ထွက်ပွဲစဉ်အဖြစ် တံခွန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ယနေ့ပွဲ**

ညနေ ၃ နာရီ ၄၅ မိနစ်
(အောင်ဆန်းကွင်း)
**စွမ်းအင်နှင့် ဘဏ္ဍာ/အခွန်**

(ကြေးမုံ)

# လူမှုဝန်ထမ်းဦးစီးအရာရှိများ သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ဌာနတွင်းဦးစီးအရာရှိများ သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၁၇ ရက် နံနက် ၉နာရီတွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းခန်းမ၌ ကျင်းပရာ ရေးဦးစွာ ဝန်ကြီးကိုယ်စား အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းတို့က သင်တန်းဆင်းလက်မှတ်များကို အသီးသီး ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

**✻ နိုင်ငံတော်မှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပုသိမ်ခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်သိန်းက ပုသိမ်-မော်တင်လမ်း၏ ၈၄ မိုင် အနက် ၈၂ မိုင်အထိ ပေ ၃၀ အကျယ် လမ်းချဲ့ခြင်းလုပ်ငန်းပြီးစီး မှု၊ ၂၈ မိုင်အထိ ချောင်းကျောက် ခြောက်လက်မထု ခင်းကျင်းပြီးစီးမှု၊ တံတား ၇၃ စင်းအနက် ၂၅ စင်းပြီးစီးမှု၊ ရေပြွန် ၁၇၅ စင်းအနက် ၁၁၆ စင်းပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသခံပြည်သူများ ခရီးသွားလာရေး၊ ဝေန်မြစ်အနောက်ဘက်ခြမ်း ဖွံ့ဖြိုးရေးအတွက် ကုန်စည်စီးဆင်းမှု မှန်ကန်ရေးနှင့် ရာသီမရွေး သွားလာနိုင်ရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က စဉ်ဆက် မပြတ် ကြည့်ရှုထိန်းသိမ်းရေးတို့နှင့်စပ်လျဉ်း၍ မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ မိုင်တိုင်အမှတ် (၂၈/၃)မိုင်ရှိ အရှည် ၁၉၄ ပေ၊ အကျယ် ၁၆ ပေ နှင့် ခံနိုင်ဝန် ရှစ်တန်ရှိသော ကွင်းချောင်းတံတား၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

**မှာကြားဖြည့်ဆည်း**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ပုသိမ်-မော်တင်လမ်း မိုင်တိုင်အမှတ် (၄၈)မိုင်နှင့် (၄၉)မိုင်ကြားတွင် စက်ယန္တရားကြီးဖြင့် ချောင်းကျောက်ခင်းကျင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် ငပုတောမြို့နယ် ငရုတ်ကောင်းတောင်ကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဒေသပိုမိုဖွံ့ဖြိုး တိုးတက်ရေးနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ ပြည်သူ့ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းဒုတိယကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်ဌေးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နှင်းနီလာတို့က လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင် ရွက်ပေးပြီး ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ငရုတ်ကောင်းမြို့ ရဲစခန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည်အဖွဲ့ဝင်များ လိုက်ပါလျက် ငရုတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျောင်းသားကျောင်းသူများ၏ ပညာရည်မြင့်မားရေး၊ အောင်ချက်မြင့်မားရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူးတို့သည် ငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိကြပြီး ရုံးဝင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပင်ကို အမှတ်တရစိုက်ပျိုးပေးကြပြီး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးကျော်သူက မြို့ပြဆိုင်ရာ အချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အမယ်သစ်သီးနှံ ငရုတ်ကောင်း ၂၀၇၈ဧက၊ သီဟိုဠ် ၉၆၆၈ဧက၊ အုန်း ၂၁၃၈ ဧကနှင့် ခြံစည်းရိုးကြက်ဆူပင် ၂၄၀၈၈ပင် စိုက်ပျိုးပြီးစီးမှု၊ မျိုးစေ့ ၁၃၄၀၂ နှင့် မျိုးကိုင်း ၁၅၉၅၂၈ ကိုင်းပျိုးထောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်နှင့် တာဝန်ရှိသူများ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ငရုတ်ကောင်းမြို့ကို ကျေးရွာအဆင့်မှ မြို့အဆင့်သို့ သတ်မှတ်ပေးထားပြီး လမ်းပန်းဆက်သွယ်ရေးချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့်လည်း ကိုယ့်အားကိုယ်ကိုးပြီး လမ်း၊ တံတားများကို ဆောင်ရွက်နေသည်ကို တွေ့ရ၍ ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ မြို့အဆင့်ဖြစ်လာပြီဖြစ်၍ မြို့ကို မြို့အင်္ဂါရပ်နှင့် အညီဆက်လက် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဝိုင်းဝန်းပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်က ချမှတ်ပေးထားသည့် စီမံကိန်းများကို တာဝန်ရှိသူအဆင့်ဆင့်က ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများအနေဖြင့်လည်း နိုင်ငံတော်၏စေတနာကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်က ချမှတ်ပေးထားသော အဓိက သီးနှံ ၁၀ မျိုးအနက် ဒေသနှင့် ကိုက်ညီသည့် သီးနှံများကို စီမံကိန်းလျာထားချက် ပြည့်မီကျော်လွန်အောင် ကြိုးပမ်း စိုက်ပျိုးကြရန်လိုကြောင်း၊ ငရုတ်ကောင်းမြို့နာမည်နှင့်အညီ အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်းကိုလည်း အများဆုံး စိုက်ပျိုးနိုင်ရန် တိုက်တွန်းလိုကြောင်း၊ လောင်စာဆီ အခက်အခဲကို အထောက်အကူပြုနိုင်သည့် ဇီဝဒီဇယ်ဆီ ထုတ်ယူအသုံးပြုနိုင်သော ခြံစည်းရိုးကြက်ဆူပင်ကိုလည်း အိမ်တိုင်း၊ အိမ်တိုင်း စိုက်ပျိုးကြရန်လိုကြောင်း၊ ခြံစည်းရိုး ကြက်ဆူပင်မှာ လွယ်လွယ်ကူကူ စိုက်ပျိုးနိုင်ပြီး မိမိအိမ်၌ပင် ဆီကြိတ် သုံးစွဲနိုင်ပြီး ကြိတ်ဖတ်မှ ကွန်ပေါင်းဓာတ်မြေဩဇာပါ ရရှိနိုင်၍ နိုင်ငံတော်အတွက်သာမက တောင်သူများအတွက်ပါ အကျိုးရှိကြောင်း၊ မိမိတို့ ဒေသပိုမို ဖွံ့ဖြိုး တိုးတက်ရေးအတွက် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ငရုတ်ကောင်းမြို့၌ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ငရုတ်ကောင်းမြို့ ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ရွှေပြည်သာ မလွန်ဆန်လှူ ရေစက်ချတရားပွဲ

**ရန်ကုန် မတ် ၂၄**

ရွှေပြည်သာမြို့နယ် မလွန်ဆန်လှူ သင်းထောက်အဖွဲ့၏ စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီး သုံးရပ်နှင့် မန္တလေးငါးမြို့နယ်ရှိရဟန်း၊သာမဏေ၊ သီလရှင်များအား (၁၃)ကြိမ်မြောက် ဆွမ်းဆန်တော်လှူဒါန်းပွဲ ရေစက်ချ ဓမ္မပူဇာသဘင်အဖြစ် ရွှေပြည်သာ မြို့နယ် မြို့ပတ်လမ်း (ထ/၁၆) ရပ်ကွက်တွင် မတ် ၂၆ ရက်၌ ဦးဝိသုတ(ဓမ္မာစရိယ)၊ ၂၇ ရက်၌ ဘဒ္ဒန္တ နန္ဒသဘ (ဆားတောင်ဆရာတော်)၊ ၂၈ ရက်၌ ဦးပညာဝံသ (ဓမ္မာစရိယ) အုန်းတောဆရာတော်၊ ၂၉ ရက်၌ ဘဒ္ဒန္တ ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)၊ မတ် ၃၀ ရက်၌ ဦးခေမိန္ဒ (ဓမ္မကထိက) စစ်ကိုင်း၊ ၃၁ ရက်၌ ဦးကုမာရလင်္ကာရ (ကျောင်းကုန်းဆရာတော်)၊ ဧပြီ ၁ ရက်တွင် ဒေါက်တာဦးကောဝိဒ (မဇ္ဈိမဂုဏ်ရည်ဆရာတော်)၊ ၂ ရက်တွင် ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ၊ ၃ ရက်တွင် အရှင်ခေမာသိရိလင်္ကာရ (သီတဂူကြာတစ်ပွင့်)၊ ၄ ရက်တွင် ဉာဏဒီပ ဦးဇဋိလနှင့် ၅ ရက်တွင် ဦးနရပတိ (ဖြူးဆရာတော်)တို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

## ဖားအောက်တောရဆရာတော် တရားပွဲ

**ရန်ကုန် မတ် ၂၄**

မော်လမြိုင်မြို့ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ(ပင်မ)မှ ဖားအောက်တောရ ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)သည် မတ် ၃၀ ရက် (ကြာသပတေးနေ့) ည ၇ နာရီတွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်း မဟာဗောဓိကျောင်းတိုက်အတွင်းရှိ မဟာဗောဓိမြတ်စွာဘုရား ရွှေကျောင်းတော်ကြီးအတွင်း၌လည်းကောင်း၊ မတ် ၃၁ ရက် (သောကြာနေ့) ည ၇ နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ကံမြင့်ဓမ္မာရုံ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## ဂရင်းရွိုင်ရယ် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်ဂေါက်ကလပ်၌ မတ် ၂၉ ရက်တွင် ကျင်းပမည်

**ရန်ကုန် မတ် ၂၄**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. ကအဓိကကူညီ ပံ့ပိုးသော ဂရင်းရွိုင်ရယ် စပယ်ရှယ်ရီဆာ့ဗ်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်း ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

**စာရင်းပေးသွင်းနိုင်**

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် Amateur ဂေါက်သီးရိုက် အားကစားသမားများသည် မတ် ၂၇ ရက် ညနေ ၄ နာရီတွင် နောက်ဆုံးထား၍ Grand Royal Counter များ၊ ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၊ မြန်မာဂေါက်ကလပ် ၉ မိုင်နှင့် မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း (ကျောက်ရေတွင်း-မရမ်းကုန်းမြို့နယ်)တို့သို့ အမည်စာရင်း ပေးသွင်းနိုင်သည်။

GRAND ROYAL SPECIAL RESERVE Golf Championship

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ IBTC ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay၊ Grand Plaza Parkroyal Hotel၊ Crusher Club Soda နှင့် Srixon တို့က အသီးသီးပါဝင်ကူညီမည်ဖြစ်ကာ ရန်ကုန်ဂေါက်ကလပ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် (Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။(သတင်းစဉ်)

## မူလ သစ္စာဒီပက ဝိပဿနာအဖွဲ့ (ပဲခူး) တရားစခန်းဖွင့်မည်

**ပဲခူး မတ် ၂၃**

ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် လိပ်ပြာကန် ကျောင်းတိုက်ကြီးတွင် မူလသစ္စာဒီပက ဝိပဿနာအဖွဲ့(ပဲခူး)၏ ဒုတိယအကြိမ် ခုနစ်ရက်တရားစခန်းပွဲကို မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဖွဲ့ချုပ်၏ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ဆရာကြီးဦးကြည်၏ ဥပနိဿယမှုအတိုင်း ဓမ္မာနုပဿနာ သတိပဋ္ဌာန် တရားကို ဓမ္မကထိက ဘဒ္ဒန္တ ဝိဇ္ဇာလင်္ကာရ၊ ဦးခင်မောင်ရီ၊ ဦးမောင်အုန်း၊ ဦးသိန်းဆွေနှင့် ဦးခင်မောင်လွင်တို့က ဟောကြား ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ မတ် ၃၀ ရက် ညနေ ၅ နာရီအရောက် လာကြရမည်ဖြစ်သည်။ အရဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းလိုသူများနှင့် တရားစခန်းဝင်လိုသူများ ဦးလှဝင်း (သာသနာ သန့်ရှင်းတည်တံ့ ပြန့်ပွားရေးမှူး) လိပ်ပြာကန်ကျောင်းတိုက် ဖုန်း- ၀၅၂၂၄၃၃၂သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၃-၂၀၀၆ (စနေနေ့ )**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၅ ၆။ ကျောက်ကြီးပေါက်တံတား
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၃၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁:၃၀ ၅။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ Doraemon
- ၁:၄၅ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁:၅၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂:၀၅ ၈။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၂:၁၅ ၉။ အတီးပြိုင်ပွဲ
- ၂:၃၀ ၁၀။ **အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ (စိုးသူ၊နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းချာန်သစ်၊ ယင်းမာ) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
- ၂:၄၀ ၁၁။ အကပြိုင်ပွဲ
- ၂:၄၅ ၁၂။ International News.
- ၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲ ဆုရတေးများ(၂၀၀၆ ခုနှစ်)
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၄:၅၅ ၅။ တေးဂီတအစီအစဉ်
- ၅:၀၅ ၆။ ပြည်တွင်း ဆီအုန်းစပ်မျိုးအောင်မြင်ထားဝယ်ဒေသတစ်ခွင်
- ၅:၂၀ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၅:၄၅ ၈။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ Discovery
- ၆:၅၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကောင်းခြင်းအိပ်မက်" (အပိုင်း-၁)**
- ၇:၄၅ ၁၃။ ပြည်သူ့အတွက်တပ်မတော် "စက်မှု၊ သားငါး၊ သတ္တု၊ သစ်တော"
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ရုပ်မြင်သံကြားဇာတ်လမ်း "သားကောင်းမိခင်" (အပိုင်း-၃) (လွင်မိုး၊ဇင်ဝိုင်း၊နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ထွန်းထွန်း (Examplez)၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ပန်းဖြူ၊သက်မွန်မြင့်၊ ပုလဲဝင်း) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း-၃၃)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

● **အင်ဆူလင်မှ**

လုံလောက်သော အင်ဆူလင်ကို ထုတ်လုပ်ပေးနိုင်စွမ်းမရှိပေ။ သို့ဖြစ်၍ ယင်းဝေဒနာရှင်များသည် အင်ဆူလင် ဟိုမုန်းဓာတ်ကို ဆေးထိုးအပ်ဖြင့် ထိုးသွင်းကာ ရယူသည့်နည်းလမ်းအရ ကုစားနေကြရသည်။

အင်ဆူလင်ထုတ်လုပ်ပေးသော ကလာပ်စည်းများကို ကိုယ်ခန္ဓာအတွင်းသို့ ထည့်သွင်းပေးနိုင်ခြင်းဖြင့် အင်ဆူလင်ဟိုမုန်းရရှိရန် နေ့စဉ်ဆေးထိုးအပ်ဖြင့် ထိုးနှံပေးရမှု ရှိတော့မည် မဟုတ်ပေ။

ကနေဒါသိပ္ပံပညာရှင်များသည် အက်ဒမွန်တန်မြို့ရှိ သုတေသနဓာတ်ခွဲခန်းအတွင်း အင်ဆူလင်ကလာပ်စည်းများကို ထုတ်လုပ်သည့်နည်းလမ်းကို စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း ဆီးချိုသုတေသနစီမံကိန်းအကြီးအကဲ ဓာတုဗေဒအင်ဂျင်နီယာ ပါမောက္ခ ဒေါက်တာလီယို ဘီဟိုင်းက ပြောကြားသည်။

ဒေါက်တာဘီဟိုင်း၏အဖွဲ့က ရရှိသည့် နည်းပညာအောင်မြင်မှုသည် အလွန်ပင် အားရဖွယ်ရာကောင်းလှကြောင်း၊ သို့ရာတွင် လူနာများဖြင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ရန် အဆင့်များစွာရှိသေးကြောင်း ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။ **အင်တာနက်။**

## သီရိမင်္ဂလာ မဟာစည်ကျောင်းတိုက် တရားစခန်း

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၁)ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သီရိမင်္ဂလာ မဟာစည်ရိပ်သာကျောင်းတိုက်၌ သင်္ကြန်တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေးအရှင်ဣန္ဒက ဆရာတော်က ဧပြီ ၈ ရက်မှ ဧပြီ ၁၇ ရက်အထိ တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ ဧပြီ ၇ ရက် ညနေ ၅ နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်နှင့်အတူ လာရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

# မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

## ကြက်ငှက်တုပ်ကွေးရောဂါ ဆိုင်ရာ သတိပေးနှိုးဆော်ချက်

### ၁။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သောရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ ၁၄ နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ ၃၀ စုစုပေါင်း ၄၄နိုင်ငံတွင် ပြန့်နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ ဦး အသက်ဆုံးရှုံးစေခဲ့သည်။

### ၂။ မြန်မာနိုင်ငံ၏ အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှု အချို့ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

### ၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါမြို့နယ် လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

### ၄။ ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များရုတ်တရက် သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက် အပျောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

### ၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိချင်း နီးစပ်ရာဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း (လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှုမပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက် အတူထားရှိ မွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးသူငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်း ဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တိရစ္ဆာန် ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**



**သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၁၃ရက်တွင် ဒီပင်္ကရာအာရုံခံတန်ဆောင်း တည်ဆောက်ရေးအတွက် သာကေတမြို့နယ်၊ ၁-ထူပါရုံရပ်ကွက်၊ မြင်တော်သာလမ်း စုပေါင်းအိမ်ရာမှ (သား ကိုကျော်ကျော်မင်း)အားရည်စူး၍ ဒေါ်ခင်ခင်အေးမိသားစုက အလှူငွေကျပ် ၅၀၀၀၀၀ကို ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးလှထွန်းအား ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)

## ပညာရာမကျောင်း သင်္ကြန်တရားစခန်း

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၁၀/တောင်(၁၁)ရပ်ကွက် တိုင်းရင်းသားကျေးရွာအနီး ပညာရာမကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ သင်္ကြန်ခုနစ်ရက် တရားစခန်း ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ပဓာနနာယက ဆရာတော် အဖွဲ့ချုပ် ဓမ္မကထိကကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဓမ္မိကနှင့် အဖွဲ့ချုပ် ဓမ္မကထိက ဆရာဦးအောင်မွန် (သုဝဏ္ဏ)တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်ရာ စခန်းဝင်မည့် ယောဂီများသည် ဧပြီ ၁၀ ရက် ညနေ အရောက်လာရောက်ကြရန်နှင့် အရဏ်ဆွမ်းတစ်နပ်လျှင် ကျပ် ၂၀၀၀၀ နှင့် နေ့ဆွမ်းတစ်နပ်လျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## မူးယစ်ကင်းစင် အလှဆင်



# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ မန္တလေးတိုင်း အမျိုးသမီးရေးရာလုပ်ငန်းများ ကြည့်ရှု

ရန်ကုန် မတ် ၂၄

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မတ် ၁၉ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဖွင့်လှစ်ထားသည့် နွေရာသီသင်တန်းများဖြစ်သော ပန်းအလှပြင် သင်တန်း၊ သစ်သီးပုံဖော်သင်တန်း၊ တိုင်းရင်းသားရိုးရာ အစားအစာဖြစ်သော ငါးထမင်းနယ်၊ ထမင်းဝါပြုပြင်ခြင်း၊ ချက်ပြုတ်ခြင်းတို့ကို သွားရောက်ကြည့်ရှုကြသည်။**

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌသည် ချမ်းမြသာစည်မြို့နယ်ရှိ နားမကြားသော ကလေးများကျောင်းသို့ သွားရောက်၍ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ ငွေကျပ်ငါးသိန်းကို လှူဒါန်းပြီး ကျောင်းသား၊ ကျောင်းသူများ၏ ကွန်ပျူတာ သင်တန်း၊ စက်ချုပ်သင်တန်းနှင့် ဇာထိုးပန်းထိုးသင်တန်းတို့ကို ကြည့်ရှုသည်။ ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌသည် တိုင်းအမျိုး သမီးရေးရာအဖွဲ့က ဖွင့်လှစ်ထားသော ဖိနပ်ရွှေချည်ထိုးလုပ်ငန်း၊ မီးပုံးလုပ်ငန်းနှင့် ဖုန်သုတ်တံ လုပ်ငန်းများကို လိုက်လံကြည့်ရှုပြီး သင်တန်းသူများအား အားပေးစကားပြောကြားသည်။ (သတင်းစဉ်)



**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ နားမကြားသော ကလေးများကျောင်း ကွန်ပျူတာသင်တန်းတွင် ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)



**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ပန်းအလှပြင်သင်တန်းတွင် ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# ဗိုလ်တထောင်မြို့နယ် စာပေဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှင့် ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ကြီးမှူးကျင်းပ သော ပထမအကြိမ် စာပေဟောပြောပွဲကို မတ် ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ဗိုင်အမ်စီအေခန်းမ၌ ကျင်းပမည်ဖြစ်ရာ စာရေးဆရာကြီးများ ဖြစ်ကြသော လယ်တွင်းသားစောချစ်၊ ချစ်ဦးညိုနှင့် သုမောင်တို့က ဟောပြော မည်ဖြစ်၍ မည်သူမဆို တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ကံမမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ပြုသိဋ္ဌပူဇာသဘင် ကျင်းပမည်

**ရန်ကုန် မတ် ၂၄**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၆ အရ သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ကံမမြို့နယ်ဖွား ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သီရိဝေလာစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိယုတအား ကံမမြို့နယ်အသင်း(ရန်ကုန်)က မတ် ၂၇ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားရင်ပြင်တော်၌ ထပ်ဆင့် ပူဇော်မည်ဖြစ်သည်။

မြို့နယ်သူ၊ မြို့နယ်သားများ လှူဖွယ်ပစ္စည်းများနှင့် လာရောက်ပူဇော်ကြရန် နှင့် ဆက်ကပ်လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းအောင် (ငြိမ်း)ဖုန်း–၅၄၁၇၇၃၊ ဦးစိုးငြိမ်း ဖုန်း–၂၄၄၇၆၀၊ ဦးအေးလွင် ဖုန်း–၅၂၆၆၃၈၊ ဦးသိန်းတန် ဖုန်း–၂၄၄၁၀၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)



# မီးသတ်ပိုက်ခေါင်း လွှဲအပ်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက် ငမိုးရိပ် ရေသွယ်ယူရေးကော်မတီက ရပ်ကွက်မီးဘေးကြိုတင်တားဆီးရေးအဖွဲ့သို့ မီးသတ် ပိုက်ခေါင်းလွှဲအပ်ခြင်းနှင့် မီးငြိမ်းသတ်သရုပ်ပြခြင်း အခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ရပ်ကွက်ရုံး၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ငမိုးရိပ်ရပ်ကွက် ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဦးက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရပ်ကွက်မီးဘေး ကြိုတင်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းသို့ ကျပ် ၈၆၃၅၀၀ တန်ဖိုးရှိ မီးသတ်ပိုက်ခေါင်းများ၊ မီးသတ်စက်သုံး ပိုက်များနှင့် ကိရိယာများကို လွှဲအပ်ရာ အဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** (၅၀၆)

# အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီးကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင်အသက် အန္တရာယ်စိုးရိမ် ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်–

(၁) နံနက်၁၀နာရီမှညနေ ၅နာရီအတွင်းလွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကိုဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ် ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင်ပြသပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# ထူးခြားသည့် နေ့အပူချိန်များ

(၂၄–၃–၂၀၀၆)

**မင်းဘူးနှင့် မကွေး**

၄၂ ဒီဂရီ စင်တီဂရိတ်

(၁၀၈ ဒီဂရီ ဖာရင်ဟိုက်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၅–၃–၂၀၀၆ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | မေးကြည့်ဖြေကြည့်ပဟေဠိ |
| ၇း၂၅ | တေးဂီတအစီအစဉ် |
| ၇း၃၀ | စားချင်စဖွယ်မုန့်လုပ်နည်း အသွယ်သွယ် |
| ၇း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၅၀ | တေးဂီတအစီအစဉ် |
| ၇း၅၅ | အန္တရာယ်ကင်းသောမိခင်ဘဝ |
| ၈း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၀ | သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညှိ |
| ၈း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၄၀ | အသုံးပြုစရာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ |
| ၉း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၁၀ | Movies Talk-1 (Titanic) |
| ၁၀း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | (၅၂)ကြိမ်မြောက် ဆရာဝန်အသင်းညီလာခံ ဆေးနှင့်ဆေးပစ္စည်းပြပွဲ |
| ၁၀း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၅၅ | တေးဂီတအစီအစဉ် |
| ၁၁း၀၀ | ဆီးသီး၏အသုံးဝင်မှုများ |
| ၁၁း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ | မြန်မာ–ဂျပန် ရိုးရာလက်ဝှေ့ပွဲ |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

## English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၅း၃၀ | ပရီမီယာလိဂ်ပွဲကြို သုံးသပ်ချက် (ကျောက်ဘီလူး ဦးတင်မောင်ဆွေ၊ ဦးနေမျိုးသူရ၊ ဦးပြည့်ဖြိုးဟန်) | 5-Sports |
| ၆း၃၀ | EPL ပွဲကြိုသုံးသပ်ချက် | 5-Sports(Live) |
| ၇း၁၀ | Liverpool-Everton | 5-Sports(Live) |
| ၉း၂၅ | Sunderland-Blackburn | 5-Movies(Live) |
| | Astonvilla-Fulham | 5-Sports(Live) |
| ၁၁း၄၀ | Portsmouth-Arsenal | 5-Sports(Live) |

## Series-A ဘောလုံးပွဲစဉ်

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၂း၀၀ | Juventus - Roma | 5-Sports (Live) |

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တပ်မတော်နေ့ ပြခန်းများကြည့်ရှု

ရန်ကုန် မတ် ၂၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ (၆၁)နှစ်မြောက် တပ်မတော်နေ့ပြခန်းအတွက် ပြခန်းများ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။**

ကြိုဆို

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိလာရာ (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ကဗျာနှင့် အနုပညာ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ ခေတ္တ တပ်မတော် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် တာဝန်ရှိသူများသည် တပ်မတော်စစ်သမိုင်းပြတိုက် မြေညီထပ်ရှိ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ် ပြခန်းကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တပ်မတော် စစ်သမိုင်းပြတိုက် ဒုတိယထပ်၌ ခင်းကျင်းပြသထားသောဝန်ကြီးဌာနပြခန်း အခန်း ၃၀၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ ပြခန်းများ၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများ ပြခန်းနှစ်ခန်းတို့ကို လည်းကောင်း၊ ပြတိုက်ပထမထပ်ရှိ တိုင်းစစ်ဌာနချုပ် ပြခန်း ၁၂ခန်း၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံး ပြခန်း (၁)နှင့် ပြခန်း (၂) တို့ကိုလည်းကောင်း၊ ပြတိုက် မြေညီထပ်ရှိ တပ်မတော်(ရေ) ပြခန်း၊ တပ်မတော်(လေ) ပြခန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများပြခန်း ရှစ်ခန်းတို့ကို လည်းကောင်းလှည့်လည်ကြည့်ရှုကြပြီး နံနက် ၁၀နာရီတွင် တပ်မတော် စစ်သမိုင်းပြတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တပ်မတော်စစ်သမိုင်းပြတိုက်တွင် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြခန်းအတွက် ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# လမ်းလျှောက်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၄**

လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် ငွေကုန်သက်သာပြီး အထောက်အကူပြုကြောင်း ပညာပေးအစီအစဉ်အဖြစ် ပြည်သူလူထု သိရှိနိုင်ရေးအတွက် **"လမ်းလျှောက်ခြင်းနှင့် ကျန်းမာရေး"** ဆိုင်ရာ ဆောင်းပါးပြိုင်ပွဲကို မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည်ဖြစ်သည်။ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဆုများကို ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်သည်။

ဆောင်းပါးခေါင်းစဉ် သတ်မှတ်ချက်မရှိဘဲ လမ်းလျှောက်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး အချက်အလက်များအပေါ်မူတည်ပြီး လက်နှိပ်စက်(သို့မဟုတ်)ကွန်ပျူတာစာစီဖြင့် အနည်းဆုံးလေးမျက်နှာ ရေးသားပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဆောင်းပါးစာမူများကို ဧပြီ ၂၁ရက် ညနေ ၄နာရီနောက်ဆုံးထား၍ ဦးကျော်စိန်သန်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် အထူးတန်း အောင်ဆန်းအားကစားပြိုင်ဝင်း ဖုန်း- ၃၇၄၅၀၂ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

# သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုး ရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင် ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

__လမ်းလျှောက်ခြင်းသည်__

**၁။ သွေးတိုးကျစေသည်။**
**၂။ နှလုံးရောဂါကို ကာကွယ်နိုင်သည်။**
**၃။ စိတ်ပျော်ရွှင် ကျန်းမာစေသည်။**
**၄။ အရိုးများကြံ့ခိုင် သန်စွမ်းစေသည်။**
**၅။ အဝမလွန်အောင် ထိန်းသိမ်းနိုင်သည်။**
**၆။ ကြွက်သားများ သန်စွမ်းဖျတ်လတ်စေသည်။**
**၇။ သွေးအတွင်းမှ အဆီကျစေသည်။**
**၈။ သွေးအတွင်းမှ သကြားဓာတ်ကျစေသည်။**
**၉။ အသက်အရွယ်မရွေး/လူတန်းစားမရွေး ဆောင်ရွက်နိုင်သည်။**

ရောဂါဘယများကင်း၍ အသက်ရှည် ကျန်းမာကြစေရန် မိသားစုတစ်စုလုံး နေ့စဉ် နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံအနေဖြင့် တီဘီလူနာများကို စောစီးစွာရှာဖွေဖော်ထုတ်ပြီး ရောဂါပျောက်ကင်းသည်အထိ အခမဲ့ကုသနိုင်ရန် စီမံကိန်းချဆောင်ရွက်လျက်ရှိ

ရန်ကုန် မတ် ၂၄

**ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်** GFATM (Global Fund to Fight AIDS, TB and Malaria) **တို့ပူးပေါင်း ကျင်းပသည့် ၂၀၀၆ခုနှစ် ကမ္ဘာ့ တီဘီရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးစီမံကိန်း နှစ်တို ငါးနှစ် ၂၀၀၁-၂၀၀၅နှင့် နှစ်ရှည်နှစ် ၃၀ စီမံကိန်း Vision 2030 (National Strategic Plan) များ ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တီဘီရောဂါကို ဦးစားပေးအဆင့်တွင်ထားပြီး အမျိုးသားရေးအသွင်နှင့် တိုက်ဖျက်နှိမ်နင်းရန် သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေး ငါးနှစ် မဟာဗျူဟာစီမံကိန်း ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၇၂ခုနှစ်တွင် ဗဟိုတီဘီရောဂါတိုက်ဖျက်ရေး ခြောက်ခုဖြင့်လည်းကောင်း၊ ၂၀၀၃ခုနှစ် ပြည်နယ်တိုင်း တီဘီရောဂါတိုက်ဖျက်ရေးဌာန ၁၃ခုအထိ တိုးချဲ့၍လည်းကောင်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တီဘီရောဂါတိုက်ဖျက်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချမှတ်ထားသည့် DOT နည်းဗျူဟာကို ၁၉၉၇ခုနှစ်မှစ၍ အကောင်အထည်ဖော်ကျင့်သုံးလျက်ရှိကြောင်း၊ ၂၀၀၃ ခုနှစ် နိုဝင်ဘာလမှစပြီး မြန်မာနိုင်ငံ၏ မြို့နယ် ၃၂၄ မြို့နယ်စလုံးမှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့၍ လွှမ်းခြုံမှု ၁၀၀ ရာခိုင်နှုန်းရှိနေပြီဖြစ်ကြောင်း၊ ယခုနှစ်ဆောင်ပုဒ်ကိုကြည့်လျှင် (Towards a World Free of Tuberculosis) "တီဘီရောဂါ ကင်းစင်ဖို့ အားလုံးပါဝင် ဆောင်ရွက်စို့" ဖြစ်ကြောင်း၊ ပြည်သူလူထုအတွင်း တီဘီရောဂါနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ အသိပညာများ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရန်၊ ပြည်သူလူထုကိုယ်တိုင်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန်အတွက် စည်းရုံးလှုံ့ဆော်ရန်၊ တိုက်တွန်းအားပေးရန် တီဘီရောဂါတိုက်ဖျက်ရေးအတွက် လိုအပ်သော အရင်းအနှီးများကို ရရှိရန် စည်းရုံးလှုံ့ဆော်ရန် လူထုလူတန်းစားအလွှာအားလုံး တီဘီရောဂါကင်းစင်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြ ရမှာဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် တီဘီရောဂါ ကူးစက်ပြန့်ပွားမှုလုံးဝပပျောက်ရေးအတွက် လူမှုရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း စနစ်တကျ လှုပ်ရှားဆောင်ရွက်ကြရန် ရည်ရွယ်ပြီး ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့များတွင် ဆောင်ပုဒ်အမျိုးမျိုး သတ်မှတ်ပြီး အထိမ်းအမှတ် လှုပ်ရှားမှုများ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေနှင့် တီဘီလူနာများကို စောစီးစွာ ရှာဖွေဖော်ထုတ်ပြီး ရောဂါပျောက်ကင်းသည်အထိ အခမဲ့ကုသနိုင်ရန် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချမှတ်ထားသည့် လမ်းညွှန်ချက်များအရ တီဘီလူနာများကို ကုထုံးအမျိုးအစားအလိုက် သက်ဆိုင်ရာ ဆေးတွဲများနှင့် အစွမ်းထက်သည့်တီဘီဆေးဝါးများကို အသုံးပြုပြီး အခမဲ့ကုသပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော လူမှုရေးအသင်း အဖွဲ့များ ပူးပေါင်းပြီး ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် "တီဘီရောဂါကင်းစင်ဖို့ အားလုံးပါဝင် ဆောင်ရွက်စို့" ဆောင်ပုဒ်နှင့်အညီ မိမိတို့တတ်နိုင်သည့် အခန်းကဏ္ဍများမှ တတ်အားသရွေ့ ပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ TB & TB/ HIV Team Leader, Dr. Hans Kluge က အောင်ဆန်း တီဘီရောဂါဆေးရုံကြီးသို့ အလှူငွေကျပ်သိန်း ၆၀ကိုပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့နှင့် PSI (Population Services International) တို့ ပူးပေါင်းရိုက်ကူးသည့် ပညာပေးရုပ်မြင်သံကြား ဓာတ်လမ်းကိုပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။





**၂၀၀၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဧည့်သည်များသည် ဧည့်ကြိုခန်းမအတွင်း ပြသထားသောကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှု ဓာတ်ပုံ၊ ပိုစတာ၊ စာအုပ်စာစောင်များ၊ ရောဂါ ရှာဖွေကုသသည့် စက်ကိရိယာများနှင့် ဆေးပစ္စည်းများကို ကြည့်ရှုကြသည်။

ယနေ့ ကျင်းပသည့် ၂၀၀၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ Actions for Life; Towards a World free of Tuberculosis **"တီဘီရောဂါ ကင်းစင်ဖို့ အားလုံးပါဝင် ဆောင်ရွက်စို့"** ဖြစ်သည်။

(သတင်းစဉ်)

## ပြည်ပ အားကစား သတင်းများ

# အက်ဖ်အေဖလား ကွာတားဖိုင်နယ် သရေကျ ချယ်လ်တန်နှင့်မစ်ဒယ်ဘရော့ ပြန်ကစားရမည်

**လန်ဒန် မတ် ၂၄**

အင်္ဂလိပ်အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲ အဖြစ် ချယ်လ်တန်အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ လန်ဒန်အရှေ့တောင်ပိုင်း ဗယ်လီ အားကစားကွင်းတွင် ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားခဲ့ကြရာ၌ ဂိုးမရှိ သရေကျခဲ့ကြသဖြင့် အကြိုဗိုလ်လုပွဲတက်ရောက်ရမည့် စတုတ္ထမြောက် အသင်းတစ်သင်းကို ရွေးချယ်နိုင်ခြင်းမရှိဘဲဖြစ်နေကြောင်း၊ ယင်းအသင်း နှစ်သင်းသည် ဧပြီ ၁၂ရက်တွင် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သတင်းများ တွင် ဖော်ပြသည်။

ယခုရက်သတ္တပတ်အစောပိုင်းက ကျင်းပသော ကွာတားဖိုင်နယ်ပွဲများ တွင် ဝက်စ်ဟမ်း၊ လီဗာပူးနှင့် ချယ်လ်ဆီးအသင်းတို့ အနိုင်ရရှိကာ အကြို ဗိုလ်လုအဆင့်သို့ ရောက်ရှိသွားကြပြီဖြစ်သည်။

အကြိုဗိုလ်လုပွဲများကို အိမ်ကွင်း၊ အဝေးကွင်းတို့တွင် ကျင်းပမည် မဟုတ်ဘဲ ကြားကွင်းများတွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့် ဘောလုံး ကွင်းများကို အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာပေးရမည်ဖြစ် သည်။

ကြာသပတေးနေ့က ကျင်းပသည့် ချယ်လ်တန်နှင့် မစ်ဒယ်ဘရော့တို့၏ပွဲ တွင် အိမ်ရှင်အသင်းဖြစ်သည့် ချယ်လ်တန်အသင်းသည် ပထမပိုင်း၌ ကစားကွက် များ သာလွန်ကောင်းမွန်သော်လည်း ပထမပိုင်းအပြီးတွင် နှစ်ဖက်စလုံး ကစားအားကျသွားခဲ့ကြသည်။

ပွဲချိန် ၃၆မိနစ်တွင် ချယ်လ်တန်အသင်းမှ ဟာမန်းဟာရေဒါဆင်က အနီးကပ်ကန်သွင်းခဲ့ရာ၌ မစ်ဒယ်ဘရော့ ဂိုးသမား မာ့ခ်ရှာဝက်ဇာက ဒိုင်ဗင် ထိုးကာ ဘောလုံးကို ပုတ်ထုတ်ကာကွယ်လိုက်နိုင်သဖြင့် ဂိုးမဝင်ခဲ့ပေ။



**မတ် ၂၃ရက်က လန်ဒန်တွင်ကျင်းပသော အက်ဖ်အေဖလားဘောလုံး ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ချယ်လ်တန်အသင်းမှ ခရစ္စပိုဝဲလ်၊ ဂျာရမီ သောမတ်နှင့် မက်ဟော်လန်တို့က မစ်ဒယ်ဘရော့အသင်းမှ မင်ဒီယေတာ ခြေတွင်ရှိနေသောဘောလုံးကို ဖျက်ထုတ်နိုင်ရန် ကြိုးပမ်းစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

ဒုတိယပိုင်းတွင် မည်သည့်အသင်းကမျှ ခြေစွမ်းမပြနိုင်တော့ဘဲ ပုံမှန် ကစားခဲ့ကြသည်။ ပွဲချိန် မိနစ် ၇၀တွင် ချယ်လ်တန်အသင်းမှ တောင်ပံကစား သမား ဒင်းနစ်ရိုမန်ဒါက ဘောလုံးကို အဝေးမှကန်သွင်းနိုင်ရန် ကြိုးပမ်းခဲ့ သော်လည်း ဂိုးဘားတန်းကိုသာ ထိမှန်ခဲ့သည်။

### ယှဉ်ပြိုင်ကစား

မစ်ဒယ်ဘရော့အသင်းသည် လာမည့် ရက်သတ္တပတ်တွင် ကျင်းပမည့် ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲအဖြစ် ဘေဆယ်လ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲအဖြစ် ဧပြီ ၂၂ရက်တွင် ချယ်လ်တန် သို့မဟုတ် မစ်ဒယ်ဘရော့အသင်းနှင့် ဝက်စ်ဟန်းအသင်းတို့ ယှဉ်ပြိုင်ကစား ရမည်ဖြစ်သည်။ ယင်းနေ့မှာပင် ချယ်လ်ဆီးနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင် ကစားရန် ပွဲစဉ်ရေးဆွဲထားသည်။ ***အင်တာနက်။***

## တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် မတ် ၂၄**

ဦးအေးမင်း (Kichen Master, Supply Service) သည် မတ် ၁၈ရက်က ဥက္ကလာဂေါက်ကွင်း၌ ကစားစဉ် ကျင်းအမှတ် (၂၅)၌ Raygandy-7 ဘောလုံးအား Ping (i 3+) နံပါတ် 7 သံတုတ်ဖြင့်ရိုက်ရာတွင် ၁၅၆ ကိုက် အကွာရှိကျင်းကို တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ကစားဖော်များအဖြစ် ဦးထွန်းစိန် (လယ်/ဆည်)၊ ဦးမျိုးဝင်း(ရွှေပုဝါ)၊ ဦးလှမော်(ပုံနှိပ်တိုက်)၊ ဦးမြင့်လွင် Than Than Ticketing တို့ အတူကစားခဲ့ကြသည်။ (ကြေးမုံ)

# အောင်စေတီ သာသနာ့ဗိမာန် ဆရာတော်ကြီး သိက္ခာထပ်မွေးနေ့မင်္ဂလာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဇော်ဘွားကြီးကုန်း (၁၀)မိုင်ရှိ အောင်စေတီ သာသနာ့ဗိမာန်ကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ဇဋိလ၏ သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၆)ဝါ ပြည့်မြောက်သော သိက္ခာထပ်မွေးနေ့မင်္ဂလာပူဇော်ပွဲ အခမ်းအနားကို မတ် ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ အောင်စေတီသာသနာ့ဗိမာန်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းနေ့ နံနက် ၉ နာရီတွင် သိမ်ဆင်းမည်ဖြစ်၍ တက်ရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# အောင်စကြာဆရာတော် တရားပွဲများ

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင် စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက (မဟာဓမ္မကထိကဗဟုဇန ဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင် စကြာ ဆရာတော်သည် မတ် ၂၆ ရက်မှ ၂၈ရက်အထိ မော်ဘီမြို့နယ် ဆပ်သွား တောအုပ်စု စမ်းချောင်းကျေးရွာ၊ ၂၉ ရက် ညတွင် လှိုင်မြို့နယ် (၁) ရပ်ကွက် အောင်မေတ္တာလမ်းမကြီး၊ ၃၀ ရက်ညတွင် ကမာရွတ် ဆင်မလိုက် အုန်းတော (၅)ရပ်ကွက် ဆရာစံ လမ်းမကြီး၊ ၃၁ ရက် ညတွင် တောင်ဒဂုံ (၁)ရပ်ကွက် ဓမ္မရက္ခိတ ဓမ္မာရုံ၊ ဧပြီ ၁ ရက်မှ ၃ ရက်အထိ လက်ပံတန်းမြို့ ရှင်ပြုသဘင်၊ ၄ ရက် ညတွင် တာမွေမြို့နယ် ကျောက်မြောင်း ရပ်ကွက် စိတ္တသုခလမ်း၊ ၅ ရက် ည တွင် ကျောက်တန်းမြို့ ကျိုက်ပြာသာဒ် သနော်စေတီတော်၊ ၉ ရက် ညတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလ ရပ်ကွက်တွင် တရားတော်များ ဟော ကြားတော်မူမည်ဟု သိရသည်။

(က-ပ)

# ရာပြည့်ဝေနေယျသုခ စာစောင်ထွက်ပြီ

**ရန်ကုန် မတ် ၂၄**

ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်း စင်အသင်း နှစ် (၁၀၀)ပြည့် အထိမ်း အမှတ် "ရာပြည့် ဝေနေယျသုခ (၁၂၆၇-၁၃၆၇)" စာစောင်ကို စက္ကူဖြူ ချောဖြင့် ပုံနှိပ်ထုတ်ဝေလိုက်သည်။ မတောင်းဆုရ ရေအကျိုးဆယ်ပါးနှင့် စပ်လျဉ်း၍ ရှုထောင့်ပေါင်းစုံမှ ရေးသားထားကြသည်။ ခေတ်နှင့်အညီ သောက်ရေသန့် အရေးကြီးပုံနှင့် ရေသယံဇာတ အရေးကြီးပုံတို့ကိုလည်း ဖော်ပြထားသည်။ ပန်းချီပေါ်ဦးသက် ၏ သုဝဏ္ဏသာမရေခပ်ဆင်းခန်း သရုပ် ဖော်ပန်းချီ ဆေးရောင်ခြယ် နှစ်ဖက် မျက်နှာဖုံးနှင့် ရောင်စုံဓာတ်ပုံများ၊ ဖြူ/ မည်းဓာတ်ပုံများ၊ သရုပ်ဖော်ပန်းချီ များဖြင့် ဝေဝေဆာဆာ ဖော်ပြထား သည်။ နိုင်ငံအဝန်း စာကြည့်တိုက်များ သို့ ဓမ္မဒါနလှူဒါန်းနိုင်ရန် ရွှေတိဂုံ စေတီတော် ဝေနေယျသုခဓမ္မာရုံ ဖုန်း- ၃၈၁၇၃၆တွင် ပူဇော်နိုင်ကြောင်း သိရ သည်။ (ကြေးမုံ)

## ပြည်သူ့ထံမှပေးစာ

# အမှိုက်ကာန်မှ အနံ့ဆိုး မခံနိုင်

**စာတည်းခင်ဗျား-**

ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး (၇)ဗိုလ်လရောင်လမ်းနှင့် မေတ္တာလမ်း ထောင့်တွင် အမှိုက်ကန်ပြုလုပ်ထား ပါသည်။

အဆိုပါ အမှိုက်ကန်သည် လူနေအိမ် များနှင့် နီးကပ်နေပါသဖြင့် ပတ်ဝန်း ကျင်နေပြည်သူများ အနံ့ဆိုးများကို နေ့စဉ် ရှူရှိုက်နေရပါသည်။

သို့ပါ၍ သက်ဆိုင်ရာမှ သင့်တော် သလို ဆောင်ရွက်ပေးပါရန် တင်ပြ အပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူ**

# စည်းကမ်းမဲ့ အရက်ဆိုင် ဖယ်ရှားပေးပါ

**စာတည်းရှင့်-**

မကွေးတိုင်း၊ ရေနံချောင်းမြို့နယ်၊ ဝက်လွတ်အုပ်စု၊ ဝက်လွတ်ရွာမသစ် ကျေးရွာလမ်းမတွင် အရက်များ စည်းကမ်းမဲ့ ရောင်းချလျက်ရှိရာ အရက်သေစာ သောက်စားသူများက လမ်းသွားလမ်းလာ အမျိုးသမီးများ အား အနှောင့်အယှက် ပေးနေကြပါ သည်။

သို့ပါ၍ ၎င်းအရက်ဆိုင်အား ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြ အပ်ပါသည်။ **ကျေးရွာသူများ**

# အညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီ လမ်းအတွင်းရှိ အိမ်တစ်အိမ်တွင် ပလတ်စတစ်စက်များ နေ့ရောညပါ လည်ပတ် လုပ်ကိုင်နေသည့်အတွက် ပတ်ဝန်းကျင်ရှိ ပြည်သူများမှာ ပလတ် စတစ် ညှော်နံ့များကို နေ့စဉ်ရှူရှိုက် နေရသဖြင့် ကျန်းမာရေးထိခိုက်နေပါ သည်။

ညပိုင်း၌ စက်လည်ပတ်သံများ ကြောင့်သက်ကြီးရွယ်အိုများ ကောင်းစွာ အိပ်စက်၍ မရကြပါ။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ လိုအပ် သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြ အပ်ပါသည်။ **ရွှေနှင်းဆီလမ်းသား**

# အမှိုက်များ စနစ်တကျ စွန့်ပစ်စေလို

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် စံပြရပ်ကွက် သုဇန လမ်းနှင့် ဈေးပိုင်းရပ်ကွက် သဇင်လမ်း နှစ်ခုဆုံရာလမ်းမပေါ်တွင် ထောက်ကြန့် ဈေးမှ ဈေးသည်များနှင့် လမ်းပေါ်ရှိ ကျူးကျော်ဈေးသည်များက အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်လျက်ရှိရာ ပတ်ဝန်း ကျင်ညစ်ညမ်းလျက်ရှိနေပါသည်။

သို့ပါ၍ အမှိုက်များ စနစ်တကျ စွန့်ပစ်စေရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**သန့်ရှင်းလိုသူ**

# လမ်းကြားမှစားသောက်ဆိုင် ဖယ်ရှားပေးပါ

**စာတည်းရှင့်-**

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် (၂၉)လမ်း (အထက်ပိုင်း)ရှိ နောက်ဖေး လမ်းကြားတွင် လက်ဖက် ရည်ဆိုင်နှင့် စားသောက်ဆိုင် ဖွင့်လှစ်ထားရာ ၎င်းဆိုင်မှ ကြော်လှော်မှုများကြောင့် အညှော်နံ့များထွက်ခြင်း၊ ဆိုင်တွင် လုပ်ကိုင်နေသူများ၏ အော်ဟစ်ဆူညံ ခြင်းတို့ကြောင့် ရပ်ကွက်နေပြည်သူ များ စိတ်အနှောင့်အယှက် ဖြစ်ကြရပါ သည်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းကြားမှ စားသောက်ဆိုင်အား စိစစ်ဆောင် ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**၂၉လမ်းသူများ**

# တစ်နေ့နှစ်ကြိမ်ရေပေးဝေစေလို

**စာတည်းခင်ဗျား-**

ဖျာပုံမြို့တွင် ရေပေးဝေရေးနှင့်စပ်လျဉ်းပြီး တစ်နေ့လျှင်နှစ်ကြိမ်၊ တစ်ကြိမ်လျှင် မိနစ် ၃၀ ရေပေးဝေရန် သတ်မှတ်ဆောင်ရွက်လာခဲ့သည်မှာ ကြာပြီဖြစ်ပါသည်။

ယခုအခါ နှစ်ရက်လျှင်တစ်ကြိမ် မိနစ် ၃၀ သာ ရေပေးဝေနေသည့်အတွက် ရေသုံးစွဲသူ ပြည်သူများ အခက်အခဲရှိပါသည်။

ပွင့်လင်းရာသီဖြစ်သည့်အတွက် ယခင်ရေပေးဝေချိန်များအတိုင်း ဆက်လက်ဆောင်ရွက်ပေးပါရန် တင်ပြအပ် ပါသည်။ **ဖျာပုံသား**

# ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့် အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံ သတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလ လမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။**

# ဈေးဆိုင်များ သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ပြီးစီး

၂၅-၂-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သာစည်မြို့မဈေးကြီး ၏ "ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ပေးပါ" ပေးစာ နှင့် စပ်လျဉ်း၍ ရှင်းလင်းဖယ်ရှား ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါ သည်။ **မြို့နယ်စည်ပင်**

# ရပ်ကွက်အတွင်းမှ ဆိတ်သတ်ရုံ ပြောင်းရွှေ့ပေးသင့်

**စာတည်းခင်ဗျား-**

ပြည်မြို့ ရွာဘဲနယ်မြေ မင်္ဂလာဦး ရပ်ကွက်အတွင်း၌ ဆိတ်သတ်ရုံတစ်ရုံ ရှိရာ ဆိတ်ကောင်ရေ များစွာကို ညစဉ် သတ်ဖြတ် လုပ်ကိုင်နေပါ သည်။

အဆိုပါ သားသတ်လုပ်ငန်း လုပ်ကိုင်နေမှုကြောင့် ပြည်သူများ နေ့စဉ် စိတ်အနှောင့်အယှက်ဖြစ်နေ ရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဆိတ်သတ် ရုံအား ရပ်ကွက်အတွင်းမှ ဖယ်ရှား ပေးပါရန် တင်ပြအပ်ပါသည်။

**ရွာဘဲသားများ**

# နိုင်ငံတော်ကချမှတ်ပေးထားသည့် စီမံကိန်းများကို တာဝန်ရှိသူအဆင့်ဆင့်က ပူးပေါင်းဆောင်ရွက် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို စီမံကိန်းလျာထားချက် ပြည့်မီကျော်လွန်အောင်စိုက်ပျိုး ဇီဝဒီဇယ်ဆီ ထုတ်ယူအသုံးပြုနိုင်သော ကြံစည်းရိုးကြက်ဆူပင်ကိုလည်း အိမ်တိုင်းစိုက်ရန်လို

ရန်ကုန် မတ် ၂၄

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေဆောင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၁ ရက် နံနက် ၇ နာရီတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ပုသိမ်-မော်တင်လမ်းပိုင်း ကြံခိုင်မှု အခြေအနေများကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ *





## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပုသိမ်-မော်တင်လမ်းတွင် စက်ယန္တရားကြီးများဖြင့် ချောင်းကျောက် ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ယနေ့မိုးလေဝသ

(၂၅-၃-၂၀၀၆)

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

## အင်တာနက်သတင်း

# အင်ဆူလင်ထုတ်လုပ်သော ကလာပ်စည်းများဖြင့် ဆီးချိုကုသရေးကုထုံးသစ် ဖော်ထုတ်နိုင်မည်

အော့တဝါ မတ် ၂၄

**ကနေဒါသိပ္ပံပညာရှင်များသည် အင်ဆူလင်ထုတ်လုပ်သော ကလာပ်စည်းများကို ကြီးထွားလာအောင် အောင်မြင်စွာ ပြုလုပ်နိုင်ပြီဖြစ်ကြောင်း၊ ယင်းမှာ ဆီးချိုရောဂါ သုတေသနလုပ်ငန်း၌ ကြီးမားသည့် အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ကြောင်း ကယ်ဂါရီတက္ကသိုလ်မှ ဇီဝအင်ဂျင်နီယာများက မတ် ၂၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။**

သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အနာဂတ်ကာလ၌ ဆီးချိုအမျိုးအစား(၁) ရောဂါကို ကုသရာတွင် ထိရောက်သည့် ကုထုံးများကို ဖော်ထုတ်လာနိုင်မည်ဖြစ်သည်။ အင်ဆူလင်ထုတ်လုပ်သည့် ကလာပ်စည်းများကို ဓာတ်ခွဲခန်းများတွင် ထုတ်လုပ်ကာ ယင်းကလာပ်စည်းများကို ဆီးချိုဝေဒနာ ခံစားနေရသော လူနာ၏ ကိုယ်ခန္ဓာအတွင်းသို့ တိုက်ရိုက်ထည့်သွင်းပေးခြင်းဖြင့် ဆီးချိုရောဂါခံစားရခြင်းမှ ပျောက်ကင်းချမ်းသာမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ ပြောကြားချက်ကို ကိုးကားလျက် ကနေဒါ ရုပ်မြင်သံကြားဌာနက သတင်းထုတ်လွှင့်သည်။

ဆီးချိုအမျိုးအစား(၁) ခံစားကြရသူများသည် ကိုယ်ခန္ဓာမှ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●




**ကွန်ပျူတာဖြင့် ထိန်းချုပ်သော အင်ဆူလင်ထိုးနှံသည့် စက်ကိရိယာများကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ဆောင်းပါး၊ ကဗျာ အညွှန်း

☆ *သမိုင်းကြောင်းကောင်းခဲ့သော တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ပြည်သူ့ဘက်မှသာ ရပ်တည်ခဲ့ပေသည်။ နိုင်ငံတော်မှာ အန္တရာယ်တွေ့ကြုံတိုင်း တပ်မတော်က ဦးဆောင်ဆံမြည့် အသက်စွန့်ကာ ယင်းအန္တရာယ်အသွယ်သွယ်ကို ကာကွယ်တွန်းလှန်ပေးနိုင်ခဲ့ပေသည်။*

တက္ကသိုလ်တင်ခ၏ **"စစ်မှန်သော မျိုးချစ်စိတ်ဓာတ်နှင့် မြင့်မြတ်သော မြန်မာ့တပ်မတော်"** ဆောင်းပါး (စာမျက်နှာ-၆)

☆ ဟိန်းထက်ဟိန်း(လယ်ဝေး)၏ **"ဒို့တပ်မတော်"** ကဗျာ (စာမျက်နှာ-၇)